# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၂၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ချင်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်း အလှ၊ ချင်း ဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဋ္ဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့ ဖတ်စရာ**

**စုပေါင်းအားဖြင့် သဘာဝဘေးဒဏ် ကြံ့ကြံ့ခံ ချက်ချင်းတုံ့ပြန် ထူထောင်ရန်**

ဆောင်းပါး


စာ ၁၀




**မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား**

ပြည်တွင်းသတင်း


စာ ၂၁




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။

❑ *ရှေ့ဖုံးမှ*

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် Plenary Hall ၌ကျင်းပသည့် ချင်းတိုင်းရင်းသားရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အကအဖွဲ့တစ်ဖွဲ့ချင်းစီက ချင်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **"ချင်းတောင်တန်းမှ ကြိုဆိုလျက်"** ချင်းရိုးရာတေးသီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်း အလှ၊ ချင်း ဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။




ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်စဉ်။

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ပြိုင်ပွဲများသို့ တက်ရောက်လာကြသူများနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

**သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေး**

ဦးစွာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံ ရုပ်စုံ သဘင်အဖွဲ့က "ဝေဿန္တရာ" ဇာတ်တော်ကြီးတွင် ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက် ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မ နှင့် အဓမ္မအားပြိုင်မှုတို့ကို အနှစ်သာရရှိရှိ ပေါ်လွင်အောင် ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ဦးတည်ချက်များဖြင့် ထည့်သွင်းကျင်းပ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလအတိုင်းအတာတစ်ခုအထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ ဖြစ်နေခဲ့ရခြင်းကြောင့် (၂၃) ကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှ စတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန် ဖြစ်ကြောင်းနှင့် "ဝေဿန္တရာ" ဇာတ်တော်ကြီးကို အလောင်းတော် ဝေဿန္တရာမင်းကြီး ဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှုကို ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ ဒါနပါရမီ အထွက်တက်လျက် အခြံအရံပါရမီများအကြောင်းကို သိရှိနာယူကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသကို ပိုမိုသိရှိနားလည်လာခြင်းအားဖြင့် အသိဉာဏ်၊ ကိုယ်ကျင့်တရား ပိုမိုမြင့်မားလာစေရန် စသည့် ဦးတည်ချက်များဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်း အလှ၊ ချင်း ဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ မဟာဇနကဇာတ်တော် ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့က မြန်မာ့ဇာတ်သဘင်၏ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်မှုအောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဥမကွဲ သိုက်မပျက်" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ** တွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာပြည် ခရီးစဉ်" သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်ဇနီး၊ တာဝန်ရှိသူများ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးမှ တီးခတ်ယှဉ်ပြိုင်စဉ်။

### မြန်မာအကအခြေခံ ကဗျာလွတ် အကပြိုင်ပွဲ

**မြန်မာအကအခြေခံ ကဗျာလွတ် အကပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပြိုင်ပွဲတွင်** မွန်ပြည်နယ်ကိုယ်စားပြု မိရွှေရည်ဖူးပွင့်နှင့်အဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု မနီဝင်းထွန်းနှင့်အဖွဲ့၊ ရခိုင် ပြည်နယ်ကိုယ်စားပြု မကြည်စင်သန့် နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စား ပြု မဖူးဖူးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မအိမ့်မြတ်မွန်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု မအိန္ဒြာမြင့်မြတ်မွန်နှင့်အဖွဲ့၊ မန္တလေးတိုင်း ဒေသကြီးကိုယ်စားပြု မသိမ့်ကြည်ကြည် လင်းဦးနှင့်အဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု မနေခြည်ထက်ခန့်နှင့်အဖွဲ့၊ ကချင် ပြည်နယ်ကိုယ်စားပြု မလဖိုင်နန်ထွမ်ဆမ် နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စား ပြု မထွန်းရတနာဗိုလ်နှင့်အဖွဲ့၊ ကရင် ပြည်နယ်ကိုယ်စားပြု မဆုသစ်သစ်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မဉာဏ်မြတ်သွန်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်း ဒေသကြီးကိုယ်စားပြု မဖြိုးဖြိုးဝေနှင့် အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုး ကကွက်များကို အဖွဲ့လိုက်ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင် ကြသည်။

**ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်း အဆင့် အကပြိုင်ပွဲကို** မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဦးစွာ ချင်းပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့က ချင်းတိုင်းရင်းသား ရိုးရာအကကို ချင်းရိုးရာ ကကြိုး၊ ကကွက် များစုံလင်စွာ စံပြအနေဖြင့် ကပြကြသည်။

ထို့နောက် **ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ကိုယ်စားပြု မောင်ဘောမ်ချမ်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု နန်းဇင်မီမီမိုးနှင့်အဖွဲ့၊ မကွေးတိုင်းဒေသ ကြီးကိုယ်စားပြု မောင်ထွန်းပြည့်အောင် နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မိဝင်းရတနာဇင်မျိုးထွေးနှင့်အဖွဲ့၊ ရှမ်း ပြည်နယ်ကိုယ်စားပြု မောင်အာကာ ပြည့်ဖြိုးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ဦးကျော်ထက်အောင်နှင့်အဖွဲ့၊ မန္တလေး တိုင်းဒေသကြီးကိုယ်စားပြု မောင်ကောင်းစံ ဟိန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု မောင်ပိုင်ထက်နှင့်အဖွဲ့၊ မွန်ပြည်နယ် ကိုယ်စားပြု မောင်အောင်စိုးမိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ဦးအောင်ပြည့်စုံနှင့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဆလိုင်း သော်တာဝင်းနှင့်အဖွဲ့တို့က ချင်းပြည်နယ် ၏ သဘာဝအလှတရားများနှင့် ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **"ချင်းတောင်တန်းမှ ကြိုဆိုလျက်"** သီချင်း နောက်ခံဖြင့် လှပ ကျော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းတို့ဟန်ဖြင့် ပေါင်းစပ်ကာ ကပြ ယှဉ်ပြိုင်ကြသည်။

### အရေးပြိုင်ပွဲ

**အရေးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာ အဆင့်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ် ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။ ***စာမျက်နှာ ၆ သို့***





ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် ပတ္တလားအမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးက ငြိမ့်ညောင်းသာယာ စွာ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။






ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး၏ "သမုဒ္ဒဝါဏိဇဇာတ်တော်" အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။






ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) ဆိုင်းတစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး၏ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်တော်ဖွင့်" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ကုဏ္ဍာလာအိုင်ဘွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြူဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာဆယ့်နှစ်ပါး" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ *စာမျက်နှာ ၇ သို့*



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ မဟာဇနကဇာတ်တော် ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့က မြန်မာ့ဇာတ်သဘင်၏ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညိုလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးရတနာပုံမြို့တည်နန်းတည်ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲအား သာသနာတော်နှစ် ၂၅၆၈ ကို အမှူးထား၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းကြီးအတွင်း ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဒေါက်တာဦးကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများကပ်လှူပူဇော်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့်အတူ သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များ လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူနေမှုကို လှည့်လည်ကြည့်ရှု ကြည်ညိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ** တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရဂုံဟေမန်" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မော်တင်လယ်" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**

**ကွက်စိပ်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သမုဒ္ဒဝါဏိဇဇာတ်တော်" ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့်မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုရတနာပုံ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုသီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**လာရောက်ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**အောင်မြင်စွာကျင်းပပြီးစီး**

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှုများသည် ယနေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့်ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအား ပြည့်ဝခိုင်မာနေစေရန် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရဦးမည်ဖြစ်သည်။

**ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်**

နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့် အတူ ငွေအား၊ လူအား၊ အချိန်အား များစွာစိုက်ထုတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အစဉ်သဖြင့် တည်တံ့ရှင်သန်နေစေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ (၂၃) ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဆိုင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မစန်းမြင့်သူ (ခ) စန်းစန်းအေး တီးခတ်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ်(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ မြင်ကွင်းပုံရိပ်များ



အခြေခံပညာအဆင့် (အသက် ၁၅ နှစ် ၂၀ နှစ်အတွင်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မသီတာစန်း ပါဝင်ယှဉ်ပြိုင်တီးခတ်နေမှု။



အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ချစ်မင်းကို ယှဉ်ပြိုင်နေမှု။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ကောင်းဆက်သူ ယှဉ်ပြိုင်တီးခတ်မှု။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မမြတ်ဖူးသွယ်ချွန် ယှဉ်ပြိုင်တီးခတ်မှု။



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ မဟာဇနကဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဖေယျာဇာတ်တော်ကြီးအဖွဲ့က မြန်မာ့ဇာတ်သဘင်၏ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်နေမှု။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးအောင်ကြည်စိုး။




ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်း အလှ၊ ချင်း ဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မကြာဖြူ။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မနွေးနွေးထက်။




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မယမင်းသီရိအောင်။



မြန်မာ့အက အခြေခံကဗျာလွတ်အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု မဉာဏ်မြတ်သွန်းနှင့်အဖွဲ့က အခြေခံကဗျာလွတ် ကကြိုး၊ ကကွက်များဖြင့် ညီညာလှပစွာ ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ မဟာဇနကဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု သီရိဇေယျာဇာတ်တော်ကြီးအဖွဲ့က မြန်မာ့ဇာတ်သဘင်၏ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# စုပေါင်းအားဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ချက်ချင်းတုံ့ပြန် ထူထောင်ရန်

ခန့်ဇော်(ကျေးလက်)





**တပ်ကုန်းမြို့နယ် ရွှေမြို့ရွာ ဆင်သေချောင်းကူးတံတား ပျက်စီးမှုအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေးစဉ်။**

### တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများ...

တိုင်ဖွန်းမုန်တိုင်းရာဂီဟာ တောင်တရုတ်ပင်လယ်အတွင်း ဩဂုတ် ၃၁ ရက်တွင် စတင်အစပျိုးခဲ့ပြီး ယင်းမှတစ်ဆင့် အားကောင်းသော တိုင်ဖွန်းမုန်တိုင်းအသွင် ကူးပြောင်းသွားခဲ့ကာ စက်တင်ဘာ ၆ ရက်တွင် တရုတ်နိုင်ငံ၊ စက်တင်ဘာ ၇ ရက်တွင် ဗီယက်နမ်နိုင်ငံတို့ကို လေတိုက်နှုန်းပြင်းအား တစ်နာရီလျှင် မိုင် ၁၆၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ပျက်စီးမှုများစွာရှိခဲ့တယ်လို့ သိရပါတယ်။ စက်တင်ဘာ ၆ ရက်တွင် ရာဂီမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် တရုတ်နိုင်ငံ၌ သေဆုံးသူ ၁၆ ဦး၊ ပျောက်ဆုံး ၁၇ ဦး၊ ဒုက္ခသည်ပေါင်း ၂၇၀ နှင့် နိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်း ပြည်နယ်အချို့ရှိ လူပေါင်း နှစ်မီလီယံခန့် မုန်တိုင်းဒဏ်ခံစားခဲ့ရပြီး ယွမ် ၃၂ ဒသမ ၇ ဘီလီယံခန့် အမေရိကန်ဒေါ်လာ (၄ ဒသမ ၆) ဘီလီယံခန့် ဆုံးရှုံးခဲ့ရပါတယ်။ စက်တင်ဘာ ၂၈ ရက် စာရင်းအရ ဗီယက်နမ်နိုင်ငံမှာတော့ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် သေဆုံးသူ ၂၉၉ ဦး၊ ပျောက်ဆုံးသူ ၃၄ ဦး၊ အိုးအိမ်၊ စက်ရုံအလုပ်ရုံ၊ လမ်း၊ တံတားနှင့် စိုက်ပျိုးမြေများစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ဗီယက်နမ်ဒေါင် ၈၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ခန့်) ဆုံးရှုံးခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှာတော့ ပြည်နယ်ခုနစ်ခုမှာ သေဆုံးသူ ၄၂ ဦး (ရေကြီးမှုကြောင့် ၁၉ ဦး၊ မြေပြိုမှုကြောင့် ၂၃ဦး)၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၄ ဦး၊ အိမ်ထောင်စုပေါင်း ၂၈၀၀၀ ကျော် ပျက်စီးခဲ့ပြီး ကလေးငယ်ပေါင်း ၆၈၀၀၀ ခန့် မုန်တိုင်းဒဏ်ခံစားခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ ရာဂီမုန်တိုင်းကြောင့် နိုင်ငံအဝန်း မြို့နယ်ပေါင်း ၁၁၀ တွင် ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းအထိ ကောက်ယူရရှိသော စာရင်းများအရ ပျက်စီးဆုံးရှုံးမှုအနေဖြင့် သေဆုံးသူ ၄၃၃ ဦး၊ ပျောက်ဆုံးသူ ၇၉ ဦး၊ လူနေအိမ် ၁၁၅၀၀၂ လုံး၊ ရုံးဌာနအဆောက်အအုံ ၁၂၉ လုံး၊ စာသင်ကျောင်း ၃၃၃ ကျောင်း၊ ဘာသာရေးကျောင်း ၂၂၈ ကျောင်း၊ လမ်း၊ တံတား ၁၃၅၈ ခု၊ လျှပ်စစ်မီးတိုင် ၅၆၂၂ တိုင်နှင့် ဆက်သွယ်ရေးတိုင် ၁၁၄ တိုင်၊ စပါးစိုက်ဧက ၇ သိန်း ၈ သောင်းကျော်၊ သေဆုံးတိရစ္ဆာန် ၁၇၆၂၄၆ ကောင်ရှိကြောင်း သိရပါတယ်။

အရှေ့တောင်အာရှမှာပဲ ဒီလိုဖြစ်ပွားခဲ့သလားဆိုတော့ အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းမှာလည်း စက်တင်ဘာ ၂၆ ရက်က ဟာရီကိန်းမုန်တိုင်း ဟယ်လီနာ(Helene) ဝင်ရောက်ခဲ့တဲ့အတွက် ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေ ဖြစ်ပွားခဲ့တာတွေ့ရပါတယ်။ အောက်တိုဘာ ၇ ရက်အထိ စာရင်းများအရ ပြည်နယ်ခြောက်ခုတွင် ဒေသခံ ၂၃၂ ဦး သေဆုံးခဲ့ပြီး လူပေါင်းရာချီ ပျောက်ဆုံးလျက်ရှိကာ လျှပ်စစ်မီး၊ ရေရရှိရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရပါတယ်။

### ရာဂီမုန်တိုင်းရဲ့နောက်ဆက်တွဲ

ဒီတစ်ခါထူးခြားတာက မုန်တိုင်းရဲ့နောက်ဆက်တွဲ အရှေ့မြောက်အရပ်က ဝင်လာတဲ့လေကြောင့် ဖြစ်တည်လာတဲ့မိုးပဲ ဖြစ်ပါတယ်။ မိုးကြီးမှုကြောင့် မိုးရေချိန်များပြီး နေရာစုံမှာ အဆက်မပြတ် ရွာသွန်းခဲ့တာကြောင့် အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတွေပါ ရေကြီးမှုတွေဖြစ်ခဲ့ပြီး ထိခိုက်မှုများပြားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ တာချီလိတ်မှာ စက်တင်ဘာ ၁၀ ရက်မှစတင် ရေကြီးမှုဖြစ်ပွားခဲ့ပြီး စိုးရိမ်ရေမှတ် ၃၉၀ စင်တီမီတာအထိ ဖြစ်ခဲ့ပါတယ်။ တောင်ပေါ်မြို့ဖြစ်တဲ့ ကလောမြို့လေးမှာ ၁၀ ရက်နေ့ညမှာ စတင်ရေကြီးခဲ့ပြီး မြေပြိုခြင်းနဲ့ နှစ် ၁၀၀ အတွင်း အဆိုးဆုံးရေကြီးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ တစ်ဆက်တစ်စပ်တည်း ၁၀ ရက်နေ့ ညပိုင်းမှာပဲ မန္တလေးတိုင်းဒေသကြီးအတွင်းရှိရမည်းသင်းမြို့နဲ့ ပျော်ဘွယ်မြို့တွေ၊ နေပြည်တော်၊ တပ်ကုန်းမြို့တွေ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တွေမှာ ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ခဲ့ပါတယ်။ ညအချိန်ဖြစ်လို့ တော်တော်ဒုက္ခရောက်ကြရမှာ သေချာပါတယ်။ မိုးလင်းတာနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ စပြီးဆောင်ရွက်ခဲ့ကြပါတယ်။ နေပြည်တော်၊ ပုဗ္ဗသီရိ၊ ပျဉ်းမနားနဲ့ လယ်ဝေးဒေသတွေကိုတော့ ၁၀ ရက်နေ့ သန်းခေါင်ယံအချိန်နဲ့ နံနက်စောစောပိုင်းမှာ ဝင်ရောက်ခဲ့ပါတယ်။

### ကွင်းဆင်းစိစစ် ထောက်ပံ့ထူထောင်

နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ဒေသအလိုက်၊ မြို့နယ်အလိုက် တာဝန်တွေခွဲဝေပြီး ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခဲ့ကြတာ တွေ့ရှိရပါတယ်။ ရေကြီးမှုအခြေအနေကို ဒီလောက်အထိ ဆိုးမယ်လို့မထင်မိခဲ့တာတော့အမှန်ပါ။ ညပိုင်း TV ကြည့်တဲ့အချိန်မှ အခြေအနေတော်တော် ဆိုးတာကို သိခဲ့ရပါတယ်။ ၁၂ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နဲ့ စတင်ကွင်းဆင်းခဲ့ပါတယ်။ ရွာတွေမှာ ရေပြည့်နေလို့ ရွာတွေကိုတော့ မရောက်နိုင်ခဲ့ပါဘူး။ ၁၃ ရက်နေ့မှာ တပ်ကုန်းမြို့က ကယ်ဆယ်ရေးစခန်းတွေကို ကွင်းဆင်းပါတယ်။ ရေသန့်စင်စက်တွေနဲ့ ရေဖြန့်ဝေပေးခဲ့ပြီး ကယ်ဆယ်ရေးစခန်းတွေအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာတွေ ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ မကျီးပင်ရွာနဲ့ မကျီးပင်တံတားပျက်စီးမှုများကို စစ်ဆေးခဲ့ပါတယ်။ တော်တော်ပျက်စီးသွားတာဖြစ်ပါတယ်။ အချို့နေရာတွေမှာ အိမ်တွေပြိုပျက်သွားတာ တွေ့ရသလို ကြံ့ကြံ့ခံနိုင်တဲ့ အိမ်တွေ၊ ကြံ့ကြံ့ခံနိုင်ခဲ့တဲ့ ကွန်ကရစ်လမ်းတွေနဲ့ RC တံတားတွေလည်း တွေ့ခဲ့ရပါတယ်။ ရွာကလူကြီးတွေ မေးကြည့်တော့ “သူတို့ တစ်သက်မှာ ဒီတစ်ခါပဲ ကြုံဖူးတယ်” ပြောကြပါတယ်။ ကျွန်တော်လည်း နေပြည်တော် စတည်တဲ့ကာလ ၂၀၀၃ ခုနှစ်ကတည်းက နေလာတာ ခုမှကြုံဖူးတာ ဖြစ်ပါတယ်။

ဆင်သေချောင်းတစ်လျှောက်က တံတားတွေ အပျက်အစီးများတာ တွေ့ရပါတယ်။ ချောင်းတစ်လျှောက် တံတားကြီးတွေပျက်စီးမှုကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥက္ကဋ္ဌမှတစ်ဆင့် ဝန်ကြီးထံ ပျက်စီးမှုစာရင်း ပို့လာတော့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တံတားလေးစင်းပါတာတွေ့ရပါတယ်။ အကြီးအကဲတွေလည်း သတင်းအချက်အလက်ကို ချက်ချင်းရယူဆောင်ရွက်တာ တွေ့ရပါတယ်။ ဌာနကဆိုင်တဲ့ တံတားတွေကို ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ သဘာဝဘေးဒဏ်ခံနိုင်အောင်တည်ဆောက်ထားတဲ့အတွက် တံတားကြီးတွေဟာ ကြီးမားတဲ့ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ချဉ်းကပ်လမ်းတွေကိုသာ တိုက်စားသွားတာ တွေ့ရှိရပါတယ်။ တချို့လည်း ပျက်စီးဆုံးရှုံးခဲ့တာ တွေ့ရပါတယ်။

၁၃ ရက်နေ့ ညနေပိုင်းမှာ လယ်ဝေးဒေသဘက်က ကယ်ဆယ်ရေးစခန်းတွေကို သွားရောက်အားပေး၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရွာတွေကတော့ ရေမြုပ်နေဆဲပဲဖြစ်ပါတယ်။ ၁၄ရက်နေ့မှာ ရေစတင်ကျလာပြီဖြစ်ပါတယ်။ ပုဗ္ဗသီရိမြို့နယ်က အေးမြင့်သာယာကျေးရွာနဲ့ ဝဲကြီးကျေးရွာတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအဖွဲ့တွေက အေးမြင့်သာယာရွာရှိ အများသုံးရေတွင်းကို ရေရရှိဖို့ သန့်စင်နေကြပါတယ်။ ရွာခံတွေက မနက်ပိုင်းမှာ အိမ်တွေကို သန့်ရှင်းရေးလာလုပ်ပြီး ညပိုင်းမှာ ကယ်ဆယ်ရေးစခန်း ပြန်အိပ်ကြရပါတယ်။ ရွှံ့နွံတွေက ကိုးလက်မကနေ တစ်ပေအထိ ရှိနေတာဖြစ်ပါတယ်။ ရွာကလူကြီးတွေက “စားစရာ၊ ဝတ်စရာက အဆင်ပြေပါ တယ်။ အိမ်မှာ ရွှံ့နွံတွေရှိနေတာမို့ ဆေးကြောဖို့ သုံးရေ၊ သောက်သုံးဖို့အတွက် သန့်ရှင်းတဲ့သောက်ရေနဲ့ အိမ်သာတက်ဖို့အတွက် ရေလိုပါတယ်” လို့ တင်ပြကြပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တွင်းဆေး၊ တွင်းမှုတ် ပြုလုပ်ရာမှ မီးမရရင် ဒီဇယ်အင်ဂျင်နဲ့ အခြေခံဆောင်ရွက်ဖို့၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ကျေးရွာခန်းမ စတဲ့အများနဲ့ဆိုင်တဲ့ အဆောက်အအုံတွေပါ သက်ဆိုင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်ဖို့မှာခဲ့ပါတယ်။ မီးသတ်အဖွဲ့တွေ၊တပ်မတော်၊ ပြည်သူ့ရဲနဲ့ လူမှုရေးအသင်းအဖွဲ့တွေလည်း ပူးပေါင်းဆောင်ရွက်နေကြတာတွေ့ရပါတယ်။ ဝဲကြီးရောက်တော့ ဝဲကြီးနဲ့ ဝင်ပြန်ရွာကြားဆင်သေချောင်းကူးတံတား တစ်စင်း ကျိုးကျမျောပါပျက်စီးပြီး ချောင်းအကျယ် ပေ ၁၀၀၀ ခန့် ဖြစ်သွားတာတွေ့ရပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးကို မေးကြည့်တော့ “သူတို့တစ်သက် ယခုလို ရေကြီးတာ မရှိကြောင်း” ပြောပါတယ်။

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေအရ အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရဲ့လမ်းညွှန်မှုတွေ၊ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေနဲ့အညီ ဝန်ကြီးဌာနအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရဲ့ လုပ်ငန်းတာဝန်တွေအရ ချက်ချင်းဆောင်ရွက်ဖို့တွေကို အောက်ပါအတိုင်း လမ်းညွှန်ချက်ပေးခဲ့ပါတယ်-

(က) လမ်းပန်းဆက်သွယ်မှု မပြတ်တောက်ရေး ဦးစားပေးပြီး ကျေးလက်လမ်း၊ တံတား၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာတွင်းလမ်းများကို ပြင်ဆင်ရန်၊

( ခ ) သောက်သုံးရေရရှိရေး ရေသန့်စက်ကြီးများ အသုံးပြုပြီး ကယ်ဆယ်ရေးစခန်းများသို့ ဖြန့်ဝေပေးရန်၊

(ဂ) ရေကျချိန်တွင် ကျေးရွာအတွင်း အမြန်ပြန်လည်နေထိုင်နိုင်ရေး သောက်သုံးရေကန်များ ကလိုရင်းဆေးခတ်ခြင်း၊ စက်ရေတွင်းများ တွင်းဆေး၊တွင်းမှုတ်ခြင်းများ ဆောင်ရွက်ရန်၊

*စာမျက်နှာ ၁၁ သို့*

> **“ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်လို့ မရနိုင်ပါဘူး။ သတ်မှတ်လမ်းညွှန်ချက်တွေနဲ့အညီ ကော်မတီအလိုက် ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့တွေ၊ လူမှုကယ်ဆယ်ရေးပရဟိတအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ အလှူရှင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ NGO၊ INGO တွေ စတဲ့ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြမှသာ ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ် ”**

*စာမျက်နှာ ၁၀ မှ*

(ဃ) သက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်းများ ထိခိုက်မှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထိခိုက်မှုစာရင်းများကို အမြန်ဆုံးရရှိရေး ဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအမံများ တင်ပြရန်၊

( င ) ပျက်စီးသွားသော လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများကို အမြန်ဆုံး ပြင်ဆင်ရန်နှင့် ရေရှည်အတွက် သဘာဝဘေး ဒဏ်ခံနိုင်ရည်ရှိသည့် လမ်း၊ တံတားများ တည်ဆောက်နိုင်ရေး Feasibility Survey/ Design စနစ်တကျ ဆောင်ရွက်ပြီး လျာထား ဆောင်ရွက်ရန်။

## ပျက်စီးဆုံးရှုံးမှုများ

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများ၏ ပျက်စီးဆုံးရှုံးမှုအနေဖြင့် အောက်တိုဘာ ၁၀ ရက်အထိ ပြုစုထားရှိသည့်စာရင်းများအရ စုစုပေါင်းလုပ်ငန်း ၆၇၇ ခု၊ တန်ဖိုးငွေ ကျပ် ၂၃ ဒသမ ၁ ဘီလီယံ ကျော်ဖြစ်ကြောင်း သိရှိရပါတယ်။

( င ) သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆ၍ လုပ်ငန်းများ ဆောင်ရွက်သွားရန် လိုကြောင်း နှင့်ပျက်စီးသွားသည့် သီးနှံများ ပြန်လည် စိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန်၊ ထိုသို့ဆောင်ရွက် နိုင်ရန်အတွက် လိုအပ်သည့်စိုက်ပျိုးရေး ထောက်ပံ့ငွေများနှင့် စိုက်ပျိုးရေးချေးငွေများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်။

ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့တဲ့ ဒေသတွေအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ စေတနာရှင်တွေကလည်း ပထမအကြိမ် အလှူငွေ ၃၂ ဒသမ ၂ ဘီလီယံကျော်၊ ဒုတိယအကြိမ် ၁၀ ဒသမ ၅ ဘီလီယံကျော်၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး စုစုပေါင်း ၄၂ ဒသမ ၇ ဘီလီယံ ကျော် ရရှိခဲ့ပါတယ်။ မြန်မာတို့ရဲ့ သဒ္ဓါတရား၊ စာနာ ဖေးမတတ်မှုတွေက အားရစရာပါ။

စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့တဲ့

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် | ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| (က) | ကျေးလက်လမ်း/ တံတား | (၃၄၆) ခု | ၂၀,၅၉၇.၅၈၇ |
| ( ခ ) | ကုန်ထုတ်လမ်း/ တံတား | (၁၃၄) ခု | ၁,၈၇၄.၄၇၅ |
| ( ဂ ) | ရေရရှိရေးလုပ်ငန်း | (၁၅၉) ခု | ၂၆၆.၉၀၂ |
| (ဃ) | မီးလင်းရေး/ ဆိုလာရေတင်စနစ် | (၈ ) ခု | ၁၀၄.၀၆၆ |
| ( င) | အဆောက်အဦနှင့်ဆက်စပ်လုပ်ငန်း | (၁၀) ခု | ၆၁.၀၂၀ |
| ( စ) | ဖွံ့ဖြိုးရေးလုပ်ငန်း | (၂၀) ခု | ၁၉၆.၅၅၀ |
| | စုစုပေါင်း | (၆၇၇)ခု | ၂၃,၁၀၀.၆၀၀ |

## ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုလုပ်ငန်းများ

ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်လို့ မရနိုင်ပါဘူး။ သတ်မှတ်လမ်းညွှန်ချက်တွေနဲ့ အညီ ကော်မတီအလိုက် ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့တွေ၊ လူမှုကယ်ဆယ်ရေးပရဟိတအဖွဲ့ တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ အလှူရှင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ NGO၊ INGO တွေ စတဲ့ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက် ကြမှသာ ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။

စက်တင်ဘာ ၁၇ ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်း အဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန် မှာကြားမှုများထဲမှ အချို့ကို ကောက်နုတ်တင်ပြ ရရင်

(က) သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့် ရာတွင် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ ထက် သာမန်ပြည်သူလူထု သတိပြုနားလည် နိုင်အောင် လွယ်ကူရှင်းလင်းစွာနားလည်သိရှိ လိုက်နာနိုင်အောင် ထုတ်ပြန်ဆောင်ရွက်ရန်၊

( ခ ) ဆည်မြောင်းနှင့် လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှု အပိုင်းနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ရေစီး ဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်၊

( ဂ ) ယခင်က ကုန်ကျစရိတ်သက်သာစေရန် တံတား အရှည်နှင့် ခန်းဖွဲ့အားလျော့၍ ချဉ်းကပ်လမ်း အား တိုးမြှင့်ထားမှုများကို ပြန်လည်စစ်ဆေး သုံးသပ်ရန်၊

(ဃ) တံတားနေရာများသို့ ရေဝင်ရောက်ရာ လမ်းကြောင်းနှင့် ရေထွက်ရာ လမ်းကြောင်း နေရာများ၌ ရေစီးဆင်းမှုကောင်းမွန်စေရေး ချောင်းဖြောင့်ခြင်းလုပ်ငန်း အပါအဝင် အခြား လိုအပ်သည်များ ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန်၊

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ကယ်ဆယ် ရေးစခန်းများသို့ သွားရောက်ရာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဖြစ်စေမည့် အစားအသောက်များ ရရှိစေ ရေး ဆောင်ရွက်ပေးသွားရန်၊ ဒေသအလိုက်ဖွဲ့စည်း ထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက ရေဘေးသင့်ဒေသရှိပြည်သူများအား သွားရောက် အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေးသွားရန်၊ နိုင်ငံပိုင်ရုံးဌာန အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လူနေအိမ်များ နှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့် တိရစ္ဆာန် သေဆုံးမှုတို့ကို စာရင်းကောက်ယူရေးအဖွဲ့ ဖွဲ့စည်း ပြီး မှန်မှန်ကန်ကန် စာရင်းကောက်ယူရန် လမ်းညွှန် မှာကြားခဲ့ပါတယ်။

ဒါ့အပြင် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပ ပြုလုပ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကလည်း ရေကြီးနစ် မြုပ်မှုဒဏ်ခံရသည့် ဒေသများရှိ ကျေးလက်နေ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ထိခိုက်ပျက်စီးဆုံးရှုံးမှုအပေါ် မူတည်၍ ဦးစားပေး အဆင့်သတ်မှတ်ကာ တစ်ဆင့်ချင်း စနစ်တကျ ဆောင်ရွက်ပေးသွားကြရန်၊ ရေကြီးနစ်မြုပ် သည့်ဒေသများရှိ ပြန်လည်စိုက်ပျိုးနိုင်သော ဧရိယာ များတွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာ ဦးစီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည် ကို တောင်သူများ သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားရန်၊ ပြန်လည်ဆောင်ရွက်ပေးရမည့် အစီအမံများ တင်ပြဆောင်ရွက်သွားရန်တို့ကို



ပျဉ်းမနားမြို့ ပေါ်စိန်ခေါ်-သစ်စိမ့်ပင်တံတား ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်နေမှုများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကွင်းဆင်းစစ်ဆေးစဉ်။

❑ **တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ရာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရဖြစ်စေမည့် အစားအသောက်များ ရရှိစေရေး ဆောင်ရွက်ပေးသွားရန်၊ ဒေသအလိုက်ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက ရေဘေးသင့်ဒေသရှိပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေးသွားရန်၊ နိုင်ငံပိုင်ရုံးဌာန အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့် တိရစ္ဆာန်သေဆုံးမှုတို့ကို စာရင်းကောက်ယူရေးအဖွဲ့ ဖွဲ့စည်းပြီး မှန်မှန်ကန်ကန် စာရင်းကောက်ယူရန် လမ်းညွှန်မှာကြား**

ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ဆောင်ရွက်လျက်လည်း ရှိပြီ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေဖြင့် ချက်ချင်းပြင်ဆင်၍ရ သည့်လမ်း၊ တံတားလုပ်ငန်းများ၊ ရေပေးရေး (တွင်း ဆေး၊ တွင်းမှုတ်) လုပ်ငန်းများအား ချက်ချင်းသွား လာ သုံးစွဲနိုင်အောင် ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိရာ အောက်တိုဘာ ၁၀ ရက်အထိ လမ်းနေရာ ၄၉ ခု၊ ၂၃မိုင် ၄.၂၇ ဖာလုံ၊ တံတား ၂၂ စင်း၊ ၂၁၀၂ ပေ ပြင်ဆင်ပြီးစီးခဲ့ပြီး တွင်းဆေး၊ တွင်းမှုတ်လုပ်ငန်း များအနေနဲ့ ဌာနအစီအစဉ်ဖြင့် ၄၆၇၄ တွင်း၊ အခြား ကိုယ်ထူကိုယ်ထ/ ပရဟိတအစီအစဉ်ဖြင့် ၃၃၄၄ တွင်း၊ စုစုပေါင်း ၈၁၁၈ တွင်း ဆောင်ရွက် ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ရေကြီးနစ်မြုပ်ဒေသတွေကို စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက် လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် ရမည်းသင်း၊ ပျော်ဘွယ် မြို့နယ်များသို့လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) သို့လည်း ကောင်း သွားရောက်ခဲ့ပြီး ဆန်၊ ဆီ၊ စားသောက်ကုန် များ ထောက်ပံ့ပေးခဲ့သလို ရေသန့်စင်ကားဖြင့် သောက်သုံးရေပေးဝေခြင်း၊ ဟိုပုံးမြို့နယ်ရှိ ကျေးရွာ ၁၆ ရွာအတွက် ရေပေးရေးလုပ်ငန်းများ ပြုပြင် ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေ ကျပ်သန်း ၁၅၀ စီ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

### ပူးပေါင်းပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍ

ဒီနေရာမှာ အလှူရှင်တွေ၊ ကယ်ဆယ်ရေးအဖွဲ့ တွေရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတာ တွေ့ရပါတယ်။ စီမံခန့်ခွဲတဲ့ ဒေသအလိုက်၊ မြို့နယ် အလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီရဲ့ ကြီးကြပ်မှုဟာ အရေးကြီးတာ တွေ့ရပါတယ်။ အားတွေကို စုစည်းခြင်း၊ လိုအပ်ချက် ဖော်ထုတ်ခြင်း၊ အရေးပေါ် ကယ်ဆယ်ခြင်း၊ နေရာချထားခြင်းတို့ အပြင် နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး အစစအရာရာ စီစဉ်ပေးရတာဖြစ်ပါတယ်။ ကွင်းဆင်း တော့ အလှူရှင်တွေ တဖွဲဖွဲရောက်ရှိလာပြီး စားစရာ နဲ့ သောက်ရေ လှူနေတာတွေ ကြည်နူးဝမ်းမြောက် ဖွယ် တွေ့မြင်ရပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်း လုပ်နေတဲ့ အဖွဲ့တွေမှာ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့တွေ ပါဝင်ပြီး အားကြိုးမာန်တက် တက်ညီလက်ညီ ဆောင်ရွက်နေ ကြတာ အားရဖွယ်တွေ့မြင်ရပါတယ်။ သူရဲကောင်း တွေအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

### ပြန်လည်သုံးသပ်သင်ခန်းစာယူသင့်

ယခင်နှစ်ပေါင်းများစွာက မဖြစ်ခဲ့ဖူးတဲ့ ယခုလို သဘာဝဘေးမျိုး မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ နေပြည်တော်ဧရိယာမျိုးမှာ “ဘာကြောင့်ဖြစ်ပေါ်ခဲ့ ရသလဲ၊ ဘာကြောင့်ရေကြီးရသလဲ” စသည်ဖြင့် အကြောင်းရင်းတွေကို ပြန်လည်သုံးသပ်သင်ခန်း စာယူကြရမှာဖြစ်ပါတယ်။ သို့မှသာ ကြိုတင် ပြင်ဆင်မှုလုပ်နိုင်မှာ ဖြစ်ပါတယ်။ “ကြိုတင်သိရှိခဲ့ သလား၊ ကြိုတင်ပြင်ဆင်ခဲ့သလား၊ ဘာကြောင့် မသိတာလဲ၊ ဘာကြောင့် မပြင်ဆင်နိုင်ခဲ့တာလဲ၊ အဆောက်အအုံ၊ လမ်း၊ တံတား ဘယ်လောက်ပျက်စီး ခဲ့လဲ၊ ဘာကြောင့်ပျက်စီးခဲ့လဲ၊ ထိခိုက်ပျက်စီးမှု ဘယ်လောက်ကြီးမားလဲ၊ လူသေဆုံးမှု ဘယ်လောက် ရှိသလဲ”စတဲ့အချက်တွေကို ပြန်လည်သုံးသပ်ကြရ ပါမယ်။

အခြေခံအဆောက်အအုံကဏ္ဍမှာ အရေးကြီးတဲ့ ကျောင်းတွေ၊ ရေစီးသန်ချောင်းတွေ...သဘာဝဘေး ကြုံတတ်တဲ့ချောင်းတွေနဲ့ ဆက်စပ်လမ်း၊ တံတား တွေကို သဘာဝဘေးဒဏ်ခံနိုင်တဲ့ ဒီဇိုင်းတွေ လုပ်သင့်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဟာ မြန်မာတွေရဲ့ အမျိုးသားရေးအမွေအနှစ်တွေဖြစ်တယ်၊ အမျိုးသားရေးအမွေအနှစ်တွေကို မြတ်နိုးခြင်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်တွေ ကိန်းအောင်းလာနိုင်တယ်

ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုး

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ နွဲ့မွန်၊ ဓာတ်ပုံ- တင်စိုး၊ ဟိန်းထက်ဇော်**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ရင်တွင်းခံစားချက်စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။


ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုး


မောင်သူရစိုး


မောင်ညီမင်းအောင်


မဝေဝေထွန်း


ဦးပြေငြေး


မယမင်းသူ


မခင်လပြည့်


မအေးဖြိုးသက်ခိုင်ပြည့်

**ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုး (အကဲဖြတ်အဖွဲ့ခေါင်းဆောင်) ကွက်စိပ်ပြိုင်ပွဲ**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဟာ အခုဆိုရင် ငွေရတုရောက်ရှိခဲ့ပြီ။ တကယ်ဆိုရင် ငွေရတု မကတော့ပါဘူး၊ ၁၉၉၃ ခုနှစ်က စတင်ကျင်းပလာခဲ့တာ။ နှစ်ပေါင်း ၃၀ ကျော်ရှိလာပါပြီ။ သို့သော် အကြောင်းကြောင်းကြောင့် ရပ်နားထားတဲ့ကာလတွေရှိတာဖြစ်လို့ အချိန်အားဖြင့်ကြည့်မယ်ဆိုရင် ငွေရတုပေါ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဆိုတဲ့ အနုပညာအမွေအနှစ်တွေ မပျောက်ပျက်အောင်ထိန်းသိမ်းတဲ့အနေနဲ့ ဒီပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပပေးခဲ့တဲ့အတွက် ကျွန်တော်တို့ အလွန်ပဲဝမ်းသာကြည်နူးပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ မနှစ်ကထက်စာရင် ဇာတ်ညွှန်းရေးတာတို့၊ ပြောကြ၊ ဟောကြတာတို့ ပိုကောင်းလာတယ်။ ဆိုင်းရဲ့ပံ့ပိုးမှုတွေကလည်း အဆင့်အတန်းမြင့်မားပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုတာ တိုင်းပြည်အတွက် အရေးကြီးတဲ့အချက်အချာကျတဲ့ အမွေအနှစ်ဖြစ်ပါတယ်။ ယဉ်ကျေးမှုပျောက်ရင် ဘာသာ၊ သာသနာပျောက်တတ်ပါတယ်။ ဘာသာသာသနာပျောက်ရင် အမျိုးသားရေးစိတ်ဓာတ်ဆိုတာ ပျောက်ပြီး မိမိတို့ပိုင်နက်နယ်မြေအမွေအနှစ်တို့ပါ ထိပါးလာနိုင်တဲ့အနေအထား ရှိပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဟာ မြန်မာတွေရဲ့ အမျိုးသားရေးအမွေအနှစ်တွေဖြစ်တယ်။ အမျိုးသားရေးအမွေအနှစ်တွေကို မြတ်နိုးခြင်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်တွေ ကိန်းအောင်းလာနိုင်တယ်။

**မောင်သူရစိုး(တနင်္သာရီတိုင်းဒေသကြီး) အခြေခံပညာ(၁၅-၂၀) ဆိုင်းတစ်ဦးချင်း**

ဒီနေ့ပြိုင်ပွဲမှာ တီးခဲ့ရတာတော့ တစ်ခါမှလည်း မပြိုင်ဖူးသေးတော့ ပျော်လည်း ပျော်တယ်၊ ကျေလည်း ကျေနပ်ပါတယ်။ ဆုတစ်ခုခုရမယ်လို့တော့ မျှော်လင့်ပါတယ်။ ပြိုင်ပွဲဝင်ဖို့ ကျောင်းက Grade – 10 တက်နေရတာကြောင့် လေ့ကျင့်ချိန် သိပ်မရခဲ့လိုက်ပါဘူး။ ကျောင်းတက်နေရင်းဆိုတော့ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်။ ဆိုင်းကို ၁၃ နှစ်ကတည်းက စတီးဖြစ်တာပါ။ အဖေက ဆိုင်းဝါသနာတော့ ဆိုင်းထောင်ပေးထားတယ်။ ဆိုင်းပညာကို အဖေတို့ ဒိုးပတ်တီးတာ စည်းဝါးလိုက်ရင်းနဲ့ ဝါသနာပါလာတာ။ ကျောင်းပြီးတာနဲ့ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုက်မှာ ဆိုင်းပညာ သင်ကြားချင်ပါတယ်။ ဆိုင်းတီးချင်တာက ကျတော့ ဆိုင်းကပတ်လုံး ၂၁ လုံးပါတယ်၊ အခြားသောတူရိယာတွေထက် ထူးခြားတယ်၊ အဖွဲ့လိုက်လည်း တီးလို့ရတယ်၊ တစ်ကိုယ်တော်လည်း တီးလို့ရတယ်။ အဲဒါကြောင့် ပိုပြီးကြိုက်တာပါ။ ပြိုင်ပွဲမှာ အတွေ့အကြုံတွေလည်းရတယ်၊ ပညာတွေလည်း ရပါတယ်။ မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်တဲ့ အနုပညာတွေကို ဆရာတွေကနေ သင်ကြားပေးတယ်၊ ဒါကို ကျွန်တော်တို့ လူငယ်တွေက လက်ဆင့်ကမ်းပြီး ထိန်းသိမ်းနိုင်ဖို့ အရေးကြီးတယ်လို့ မြင်ပါတယ်။

**မောင်ညီမင်းအောင် (ရန်ကုန်တိုင်းဒေသကြီး) အခြေခံပညာ(၁၅-၂၀)ဆိုင်းတစ်ဦးချင်း**

ဒီငွေရတုပြိုင်ပွဲမှာ ဆိုင်းတစ်ဦးချင်းနဲ့ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အဖွဲ့ခေါင်းဆောင်၊ အိုးစည်အဖွဲ့လိုက်မှာ ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် (၂၄)ကြိမ်မှာ ပတ္တလားနဲ့ ဆိုင်းတစ်ကိုယ်တော်ပြိုင်ခဲ့ပါတယ်။ (၂၃)ကြိမ်မှာကတော့ အစဆုံးဆိုတော့ ဆိုင်းတစ်ဦးချင်းပဲ ပြိုင်ခဲ့ပါတယ်။ (၂၄)ကြိမ်မှာ ပတ္တလားအတီး ပူးတွဲတတိယရပါတယ်။ ဒီနှစ်ပြိုင်တဲ့ သုံးခုလုံးကတော့ အားရစရာပါပဲ။ ဒီပြိုင်ပွဲပြိုင်ဖို့ကို ရန်ကုန်အထိ ကျောင်းပါပြောင်းတက်ပြီးတော့ မေလလောက်ကတည်းက ကြိုတင်လေ့ကျင့်ခဲ့တာ။ အသက် ၁၀ နှစ်သားလောက်ကတည်းက ဆရာဆီမှာ ပတ္တလားတီးတာ စသင်တာ။ တီးသမျှတူရိယာထဲမှာ ဆိုင်းတစ်ဦးချင်း တီးတာအကြိုက်ဆုံးပါ။ ကိုယ့်တစ်ယောက်တည်းတီးရတာ အားရတယ်။ ပြိုင်ပွဲမှာ ဘယ်လောက်ပဲပြိုင်ပြိုင် အချိန်တန်ရင် ရင်ကတော့ ခုန်ရတာပါပဲ။ ဆိုင်းတီးနိုင်တဲ့သူဆိုတာ ရှားလာပြီဖြစ်တဲ့အတွက် မျိုးဆက်သစ်အနေနဲ့ ကိုယ့်ကိုယ်ကိုယ်လုပ်နိုင်တဲ့အတွက် ဂုဏ်ယူတယ်။

**မဝေဝေထွန်း (ရန်ကုန်တိုင်းဒေသကြီး) အတီး၊ မယ်ဒလင် (ဝါသနာရှင် ဒုတိယတန်း)**

မနှစ်ကစပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ခဲ့တာပါ။ မနှစ်ကတော့ အဆင့်မြင့်ပညာတန်းမှာ ရွှေတံဆိပ်ရခဲ့ပါတယ်။ ဒီနှစ်လည်း ရွှေရဖို့ မျှော်မှန်းထားပါတယ်။ ကျွန်မ မယ်ဒလင်စတီးတာ နှစ်နှစ်ကျော်ပဲရှိပါသေးတယ်။ မယ်ဒလင်ရဲ့အားသာချက်က မြန်မာမှုတီးချင်ရင်လည်းရသလို၊ အနောက်တိုင်းဂီတကိုလည်း ကြိုးပြန်ညှိပြီး တီးလို့ရတဲ့အတွက် သဘောကျပါတယ်။ ဒီနှစ်မှာ ဝါသနာရှင်တန်းမို့လို့ ပြဋ္ဌာန်းငါးပုဒ်အပြင် လက်စွမ်းပြတစ်ပုဒ် လေ့ကျင့်ထားပါတယ်။ လက်စွမ်းပြကိုတော့ ဖော်ခင်းတီးလုံးရွေးချယ်ထားပါတယ်။ ပြိုင်ပွဲကြီး ကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။ သင်ပြီးတီးတာထက် ပြိုင်ပွဲအတွက် လေ့ကျင့်ရတာ ပိုပြီး ပညာတိုးပါတယ်။ ဒီနှစ်မှာ မယ်ဒလင်အပြင် ဆိုင်းအဖွဲ့လိုက်မှာ ကျွန်မက နှဲမှုတ်အနေနဲ့ ပါဝင်ထားပါတယ်။

**ဦးပြေငြေး (မန္တလေးတိုင်းဒေသကြီး) အတီး၊ မယ်ဒလင် (ဝါသနာရှင် ဒုတိယတန်း)**

ကျွန်တော်ရဲ့ ပြိုင်ပွဲသက်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ ငွေရတုသက်တမ်းနဲ့ အတူတူပါပဲ၊ (၂၅) ကြိမ်မှာ (၂၅)ကြိမ်စလုံး တစ်ဦးတည်းသော ပြိုင်ပွဲဝင်ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ဂုဏ်ယူမိပါတယ်။ ကျွန်တော်က ကလေးဘဝကတည်းက မယ်ဒလင်နဲ့ ဖက်ပြီး မွေးလာတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော့်ဝါသနာကလည်း မယ်ဒလင်ဖြစ်သလို ကျွန်တော့်အသက်မွေးဝမ်းကျောင်း ကလည်း မယ်ဒလင်တီးတာပါပဲ။ အခုထိတော့ လိုအပ်ချက်တွေကြောင့်ထင်တယ်၊ ရွှေတံဆိပ်ထက် ငွေတံဆိပ်ဆုတွေနဲ့ အထူးဆုချည်းပဲ နီးစပ်ခဲ့ပါတယ်။ ကျွန်တော်တို့လို ဂီတချစ်သူတွေ၊ အနုပညာကို ဘဝတစ်ခုလုံး ဖက်တွယ်ထားသူတွေ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ချစ်မြတ်နိုးတန်ဖိုးထားသူတွေအတွက် ဒီပြိုင်ပွဲကြီးက ရပ်တန့်လို့မရတဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်။ ကျွန်တော် နှစ်တိုင်းပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူသလို ကျေးဇူးလည်း တင်ပါတယ်။

**မယမင်းသူ (ရန်ကုန်တိုင်းဒေသကြီး) ချင်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ**

ကျွန်မတို့အဖွဲ့က ၁၆ ယောက်ပါ။ အားလုံးက စိတ်လှုပ်ရှားနေကြတာ ပါ။ ချင်းတိုင်းရင်းသားအက ဖြစ်တဲ့အတွက် ကကွက်တစ်ခုချင်းရဲ့ အဓိပ္ပာယ်ကအစ ကျွန်မတို့ အကဆရာ၊ ဆရာမတွေက လေ့လာခဲ့ပြီး ချင်းလူမျိုးတွေနဲ့ သေသေချာချာ တိုင်ပင်ဆွေးနွေးခဲ့ပြီးမှ စနစ်တကျ သင်ယူခဲ့ကြတာပါ။ ကျွန်မတို့က မြန်မာအကဆိုရင် နီးစပ်ပေမယ့် တိုင်းရင်းသားအကဖြစ်လို့ မာန်ပါပါနဲ့ ကနိုင်အောင် အကြာကြီး လေ့ကျင့်ခဲ့ရတယ်။ အနုပညာအကအလှဆိုရင် အရင်က မြန်မာအကကိုပဲ သိခဲ့ရတာ။ အခုလို ပြိုင်ပွဲကြီးမှာ တိုင်းရင်းသားအကတွေကိုပါ ဖော်ထုတ်ယှဉ်ပြိုင်ပေးတာကို သဘောအကျဆုံးပါပဲ။ စိတ်ဝင်စားမှုလည်း ပိုမြင့်တက်တယ်၊ ပွဲကြီးကို အများကြီးအထောက်အကူပြုသလို ရိုးရာအကတွေကိုလည်း ဖော်ထုတ်ပြီးသား၊ မှတ်တမ်းတင်ပြီးသား၊ ထိန်းသိမ်းပြီးသား ဖြစ်စေလို့ပါ။ ရန်ကုန်တိုင်းဒေသကြီး အဖွဲ့အနေနဲ့ စိတ်ဝင်စားစရာ ကောင်းမယ့် အောက်ချင်းငှက်အက လေးတွေကိုလည်း ထည့်သွင်းထားလို့ ပရိသတ်တွေလည်း သဘောကျလက်ခုပ်တီးကြတော့ ပီတိဖြစ်ရပါတယ်။

**မခင်လပြည့် (ရခိုင်ပြည်နယ်) ချင်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ**

အကပြိုင်ပွဲပါဝင်ရမယ်ဆို ကတည်းက စံခွေကိုလည်း သေသေချာချာလေ့လာပြီး အကစတင်တိုက်ခဲ့ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်အဖွဲ့မှာ အမျိုးသား၊ အမျိုးသမီး ၁၈ ဦး ပါဝင်ပါတယ်။ ဗီဒီယိုနဲ့ အနီးစပ်ဆုံးတူအောင် အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ထားပါတယ်။ စံခွေအတိုင်း အပြောင်းအလဲဘာမှမလုပ်ဘဲ အတိအကျလေ့ကျင့်ထားသလို ဖျော်ဖြေတဲ့နေရာမှာ ဆန်းသစ်အောင် လူနေရာစဉ်တာမျိုးတွေနဲ့ သွက်သွက်လက်လက်နဲ့ နေရာအလှည့်အပြောင်းတွေကို ကကွက်တွေနဲ့ ပေါင်းစပ်လုပ်ဆောင်ထားပါတယ်။

**မအေးဖြိုးသက်ခိုင်ပြည့် (လာရောက်ကြည့်ရှုသူ)**

ကျွန်မက အမျိုးသားအားကစားပွဲတော်ကြီးအတွက် နေပြည်တော်ကိုယ်စားပြု ခရစ်ကတ်အားကစားနဲ့ စခန်းသွင်းလေ့ကျင့်နေသူ ဖြစ်ပါတယ်။ လယ်ဝေးမှာ ကန့်ဝင်နေတာ နှစ်ပတ်ကျော်ပါပြီ။ အခု စခန်းသွင်းအားကစားသမားတွေနဲ့ အတူတူလာရောက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို လာအားပေးတာဖြစ်ပါတယ်။ ဒီလို ခမ်းခမ်းနားနားကျင်းပနေတာမြင်ရတော့ ဝမ်းသာမိပါတယ်။ အနုပညာက လူတွေရဲ့စိတ်ကို နူးညံ့စေသလို ကျွန်မတို့လို အားကစားသမားတွေအတွက် ခွန်အားလည်း ဖြစ်စေပါတယ်။ ဒီနေ့မှာတော့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲနဲ့ ချင်းတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲတွေကို ကြည့်ရှုခွင့်ရခဲ့ပါတယ်။

# ကာမလာဟားရစ် ဂျော်ဂျီယာတွင် လူထုစုဝေးပွဲပြုလုပ်ပြီး ထရမ့်ကိုဝေဖန်

**ဂျော်ဂျီယာ အောက်တိုဘာ ၂၀**
အမေရိကန် ဒုတိယသမ္မတနှင့် ဒီမိုကရက်တစ် သမ္မတလောင်းဖြစ်သူ ကာမလာဟားရစ်သည် အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် ပြည်နယ်ဖြစ်သည့် ဂျော်ဂျီယာတွင် လူထုစုဝေးပွဲ ပြုလုပ်ခဲ့သည်။

၎င်း၏ပြိုင်ဘက်ဖြစ်သူ ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကို ဝေဖန်ခဲ့ပြီး မဲဆန္ဒရှင်များ၏ထောက်ခံမှုကို တောင်းဆိုခဲ့သည်။ ဟားရစ်သည် အတ္တလန္တာ၌ သမ္မတရွေးကောက်ပွဲမစတင်မီ နှစ်ပတ်အလိုတွင် အောက်တိုဘာ ၁၉ ရက်က မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဒီမိုကရက်တစ်များသည် အနာဂတ်ကိုသာ အာရုံစိုက်ထားပြီး ထရမ့်ကမူ အတိတ်ကိုသာ အာရုံစိုက်နေသည်ဟု ဟားရစ်ကပြောသည်။ ထရမ့်သည် ကိုယ့်ကိုယ်ကိုယ်သာ အာရုံစိုက်ကြောင်း ဟားရစ်က ဆက်ပြောသည်။ ဟားရစ်၏မိန့်ခွန်းမှာ အလွန်အားကောင်းကြောင်း အဆိုပါပွဲသို့ တက်ရောက်လာသည့် အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

ဟားရစ်၏ မိန့်ခွန်း၌ ၎င်းအကြိုက်ဆုံးအချက်မှာ ရှေ့သို့ဆက်သွားရန် လိုအပ်ပြီး စာမျက်နှာသစ်ဖွင့်ရန် လိုအပ်သည့်အချက်ဖြစ်ကြောင်း ပြောသည်။ ၁၉၉၆ ခုနှစ်မှစတင်၍ ဂျော်ဂျီယာပြည်နယ်၌ ရီပတ်ဘလီကင် သမ္မတလောင်းအများစု အနိုင်ရရှိခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်မူ ဂျိုးဘိုင်ဒင်က ဒေါ်နယ်ထရမ့်ကို မဲရလဒ်အနည်းငယ်အသာဖြင့် အနိုင်ရရှိခဲ့သည်။ ၂၈ နှစ်တာကာလအတွင်း ဒီမိုကရက်တို့၏ ပထမဦးဆုံးအောင်ပွဲလည်းဖြစ်သည်။ နောက်ဆုံးကောက်ယူထားသည့် သဘောဆန္ဒ စစ်တမ်းများအရ ဂျော်ဂျီယာပြည်နယ်၌ သမ္မတလောင်းနှစ်ဦးမှာ အကြိတ်အနယ်ပင်ဖြစ်သည်။ ဟားရစ်ကိုထောက်ခံသူ ၄၇ ရာခိုင်နှုန်းရှိပြီး ထရမ့်ကိုထောက်ခံသူ ၄၈ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ **အင်န်အိတ်ချ်ကေ**



ဒုတိယသမ္မတ ကာမလာဟားရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်။

# အင်ဒိုနီးရှားသမ္မတသစ်အဖြစ် ပရာဘိုဝို ကျမ်းသစ္စာကျိန်ဆို

**ဂျကာတာ အောက်တိုဘာ ၂၀**
အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်တင်မြှောက်ထားသည့် သမ္မတသစ်သည် နိုင်ငံ၏ကြွယ်ဝသော အရင်းအမြစ်များကို အသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်သွားမည်ဟု ကတိပြုခဲ့သည်။



ပရာဘိုဝို ဆူဘီယန်တိုသည် အင်ဒိုနီးရှားနိုင်ငံ၏ ရှစ်ယောက်မြောက်သမ္မတအဖြစ် အောက်တိုဘာ ၂၀ ရက်က ဂျကာတာမြို့၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ယခင်သမ္မတဟောင်း ဂျိုကိုဝီဒိုဒို၏ သားတစ်ဦးဖြစ်သူ ဂျစ်ဘရန်ရာကာဗျူမင်ရာကာသည် ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသား အများစုမှာ ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေရကြောင်း ပရာဘိုဝိုက ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲနေ့ အခမ်းအနားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏ ကလေးငယ်များမှာ အနည်းဆုံး တစ်နေ့လျှင်တစ်ကြိမ် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရမည်ဟု ၎င်းက ပြောသည်။

စာသင်ကျောင်းတွင် နေ့လယ်စာ အခမဲ့စားသောက်ခွင့်နှင့်အခြားသောထောက်ပံ့မှုများ ပေးခြင်းဖြင့် အဆိုပါပြဿနာကို ဖြေရှင်းသွားမည်ဟု ၎င်းက ပြောသည်။ တိုးတက်မှုအရှိန် မြှင့်တင်ရန်အတွက် ပရာဘိုဝိုသည် အင်ဒိုနီးရှားနိုင်ငံ၏ ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်တင်ခြင်းဖြင့် စီးပွားရေးအင်အားကို မြှင့်တင်မည်ဖြစ်ပြီး လူများ သာယာဝပြောသောဘဝရရှိစေရေး လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပရာဘိုဝို၏ အစိုးရအဖွဲ့ဝန်ကြီးများသည် အောက်တိုဘာ ၂၁ ရက်တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ယခင်သမ္မတဟောင်း ဂျိုကိုဝီဒိုဒို၏ အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပြန်လည် ခန့်အပ်ခံရမည်ဟု မျှော်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ဒုက္ခသည်များပြန်လာရေး ဆီးရီးယားသမ္မတ အာဆတ်နှင့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

**ဒမတ်စကတ် အောက်တိုဘာ ၂၀**
ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်သည် နိုင်ငံအတွင်း အလည်အပတ်ရောက်ရှိနေသည့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အေမန်ဆာဖာဒီနှင့် အောက်တိုဘာ ၂၀ ရက်က တွေ့ဆုံပြီး ဆီးရီးယားဒုက္ခသည်များ ပြန်လည်လက်ခံရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဆီးရီးယားဒုက္ခသည်များ လုံခြုံစိတ်ချစွာ ပြန်လာရရေးမှာ ဆီးရီးယားအစိုးရ၏ အဓိကဦးစားပေးအချက်ဖြစ်ကြောင်း အာဆတ်က ပြောသည်။ ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည်များကို အများဆုံး လက်ခံထားရာ နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒုက္ခသည်များကို ဒုတိယအများဆုံး လက်ခံထားရာနေရာဖြစ်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတွင် မှတ်ပုံတင်ထားသည့် ဒုက္ခသည် ၇၃၀၀၀၀ မှာ ဆီးရီးယားမှဖြစ်သည်။ ဆီးရီးယားဒုက္ခသည်များ ပြန်လည်ပို့ဆောင်ရာတွင် ဂျော်ဒန်နိုင်ငံက ကူညီမှုများပြုလုပ်သွားမည်ဟု ဆာဖာဒီက အခိုင်အမာပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံ ပြန်လည်နာလန်ထူနိုင်ရေးနှင့် တည်ငြိမ်ရေးတို့အတွက် ဂျော်ဒန်နိုင်ငံ၏ ကူညီမှုများကိုလည်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၌ အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက် ပါလက်စတိုင်း ၇၃ ဦးထက်မနည်း သေဆုံး

**ဂါဇာ အောက်တိုဘာ ၂၀**
ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဘေ့လာဟီရာမြို့သို့ အောက်တိုဘာ ၁၉ ရက်က အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၇၃ ဦးထက်မနည်း သေဆုံးကြောင်း ဟားမားစ်ပိုင် ဂါဇာအစိုးရ မီဒီယာရုံးက ပြောကြားသည်။

အစ္စရေးတပ်မတော်က ဘေ့လာဟီရာမြို့ လူနေရပ်ကွက်အချို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဒဏ်ရာရရှိသူနှင့် ပျောက်ဆုံးသူ ဒါဇင်နှင့်ချီရှိကြောင်း၊ ၎င်းတို့ထဲတွင် အများစုမှာ ကလေးများနှင့် အမျိုးသမီးများဖြစ်ကြောင်း မီဒီယာရုံးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ အစ္စရေးတို့၏ ပြစ်မှုကျူးလွန်ခြင်းများ ဆက်လက်လုပ်ဆောင်ခြင်းအတွက် အမေရိကန်အစိုးရအဖွဲ့နှင့် ဥရောပနိုင်ငံအချို့တွင် အပြည့်အဝတာဝန်ရှိကြောင်း ဟားမားစ်က ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အစ္စရေးဘက်က မည်သည့်မှတ်ချက်မျှ မပေးချေ။

ကမ်းမြောင်ဒေသ၌ စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် အောက်တိုဘာ ၁၈ ရက်တွင် ဂါဇာမြောက်ပိုင်းရှိ ဂျဘာလီယာဒုက္ခသည်စခန်း၌ လူပေါင်း ၂၀၀၀၀ မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် အလုပ်အကိုင်အေဂျင်စီ(ယူအင်န်အာဒဗလျူအေ)၏အထွေထွေကော်မရှင်နာ ဖိလစ်ပီလာဇာရီနီက ပြောကြားသည်။



ဂါဇာမြို့တော် တစ်ဝန်းနှင့် မြောက်ပိုင်းတို့တွင် ဆက်သွယ်ရေးနှင့် အင်တာနက်များ ပြတ်တောက်နေပြီး နောက်ဆုံးကျန်ရှိနေသေးသည့် ဆေးရုံများတွင်လည်း စက်သုံးဆီနှင့် ဆေးဘက်ဆိုင်ရာအထောက်အပံ့များ ပြတ်လပ်နေကြောင်း ၎င်းကဆက်လက်ပြောသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစ၍ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ ဆက်လက်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သေဆုံးသူပေါင်း ၄၂၅၁၉ ဦးအထိရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**



# ဆီနီဂေါနိုင်ငံ၌ ရေကြီးမှုကြောင့် လူပေါင်း ၅၅၆၀၀ ရေဘေးသင့်မှုဖြစ်ပွား

**ဒါကာ အောက်တိုဘာ ၂၀**
ဆီနီဂေါနိုင်ငံ၌ ဆီနီဂေါမြစ်တစ်လျှောက် ရေကြီးမှုဖြစ်ပွားသဖြင့် အိမ်ထောင်စု ၇၇၄ ဦးမှ လူပေါင်း ၅၅၆၀၀ နီးပါး ရေဘေးသင့်ခဲ့ကြောင်း ဆီနီဂေါအစိုးရက အောက်တိုဘာ ၁၉ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါရေကြီးမှုကြောင့် ဂျုတ် ၄၉ ဒသမ ၁၉ ရာခိုင်နှုန်း၊ စပါး ၂၁ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် ပြောင်း ၁၀ ဒသမ ၅၆ ရာခိုင်နှုန်း အပါအဝင် လယ်ယာမြေ ၁၀၀၂ ဟက်တာ ဆိုးရွားစွာ ရေနစ်မြုပ်ပျက်စီးသွားခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

ဆီနီဂေါသမ္မတ ဘာစီရို ဒီယိုမာရီဖေးသည် အောက်တိုဘာ ၁၈ ရက်မှစကာ အရှေ့တောင်ပိုင်း ခဲဒွေါဂုမြို့သို့ သွားရောက်ခဲ့ကာ ရေဘေးသင့်ဒေသများသို့ ဝေဟင်မှ သွားရောက်ကြည့်ရှုခဲ့ပြီး ရေဘေးသင့်သူများအတွက် စည်းလုံးညီညွတ်မှုကို ပြသရန် အရှေ့ပိုင်း ဘက်ခ်ကယ်သို့လည်း သွားရောက်ခဲ့သည်။ သမ္မတဖေးက ကနဦးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းခန့် ခွဲဝေပေးခဲ့ကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

# ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစင်း ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ရုရှားရေတပ် Russian Pacific Fleet မှ ကော်ဗက်စစ်ရေယာဉ်များ ဖြစ်ကြသည့် စစ်ရေယာဉ် Gromky၊ စစ်ရေယာဉ် Rezky နှင့် စစ်ရေယာဉ် Tsydenzhapov၊ ထောက်ပံ့ရေး ရေယာဉ် Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ–ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။(ယာပုံ)

**သွားရောက်လေ့လာ**

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးစီးသည့် အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း(Harbour Phase)များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် အောက်တိုဘာ ၂၀**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များက လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



**ကြည့်ရှုအားပေး**

ထိုသို့ ဖွင့်လှစ် သင်ကြားပေးနေသော နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာ ၁၉ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သက်ဆိုင်ရာ သင်တန်းကျောင်းများသို့ သွားရောက်ဂုဏ်ပြု သီဆိုဖျော်ဖြေကြရာ သင်တန်းသား သင်တန်းသူများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွ ပါဝင်သီဆိုခဲ့ကြသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၏ သီဆိုဖျော်ဖြေနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mech–anism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Com–plaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

*❊ ကျောဖုံးမှ*

မြန်မာ ယူ-၁၇ အသင်းတွင် အုပ်ချုပ်သူ- ဦးစိုးမြတ်မင်း၊ နည်းပြချုပ်- ဦးအောင်ဇော်မျိုး၊ လက်ထောက်နည်းပြ - ဦးမြတ်မင်းသူ၊ ဦးထွန်းနောင်ဦး။ ဂိုးနည်းပြ- ဦးမြကိုမင်း၊ ဆရာဝန် - ဒေါက်တာအောင်ကျော်ဦး၊ မီဒီယာ-ဦးဝင်းကိုကို၊ အကြောကျွမ်းကျင်-ဦးလွင်ဦးကို၊ အားကစားသမားများအဖြစ် ဂိုးသမား- ရှိုင်းထက်ကျော် (Junior Lions FC)၊ ထက်ဝေယံ (Junior Lions FC/ အား/ကာသိပ္ပံ-ရန်ကုန်)၊ လင်းလက်ထွန်း ((Junior Lions FC/ နေပြည်တော် အကယ်ဒမီ)၊ နောက်တန်း- အောင်သီဟ (ရခိုင်ယူနိုက်တက် ယူ-၁၇)၊ သီဟအောင် (Junior Lions FC/ အား/ကာသိပ္ပံ-မန္တလေး)၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော် (MFF အကယ်ဒမီ-မန္တလေး)၊ ဘုန်းမြတ်သူ၊ ဉာဏ်အောင် (ရှမ်း ယူ-၁၇)၊ ထက်ရှားအောင် (MFF အကယ်ဒမီ-ရန်ကုန်)၊ အလယ်တန်း- သော်ဇင်ကို၊ အောင်ပြည့်ဖြိုး၊ သူရမင်းသန့် ( MFF အကယ်ဒမီ-ရန်ကုန် )၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ ( MFF အကယ်ဒမီ-မန္တလေး)၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ကြယ်ရောင်မင်းလေး (ရှမ်း ယူ-၁၇)၊ စွမ်းဇာနည် (ရခိုင်ယူနိုက်တက် ယူ-၁၇)။ ရှေ့တန်း- ခန့်ဝင်းအောင် ( MFF အကယ်ဒမီ-မန္တလေး )၊ ညီညီသန့် (ရခိုင်ယူနိုက်တက် ယူ-၁၇)နှင့် စိုင်းဘိုဘိုကျော် (ရှမ်း ယူ-၁၇) တို့ လိုက်ပါသွားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MFF**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ရွှေစင်၊ ရွှေပြားများ ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၂၀**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ရွှေစင်၊ ရွှေပြားများ ဆက်ကပ်လှူဒါန်းခြင်းနှင့်ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်တော်မူခြင်း မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက အင်းလေးဖောင်တော်ဦးဘုရား စံကျောင်းတော်၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး ရုပ်ရှင်တော်မြတ်များကို ရွှေစင်၊ ရွှေပြားများ ဆက်ကပ်ပူဇော်မည့် ယာယီပလ္လင်ပေါ်သို့ ပင့်ဆောင်ကြသည်။

**ရွှေစင်၊ ရွှေပြားများ ဆက်ကပ်လှူဒါန်း**

ထို့နောက် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ၊ ဘုရားဖူးပြည်သူများနှင့်အတူ ရွှေစင်၊ ရွှေပြားများ ဆက်ကပ်လှူဒါန်းကြပြီး မူလသီတင်းသုံးတော်မူသည့် ပလ္လင်ပေါ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ မိုင်းသောက်ဆရာတော်ထံမှ ငါးပါးသီလ ဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအားလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်ကြီးအတွက် ပြည်နယ်ဝန်ကြီးချုပ်မိသားစုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၏ လှူဒါန်းငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်လှူဒါန်းရာ အင်းလေးဖောင်တော်ဦးဘုရားဂေါပကနှင့်အဖွဲ့ဝင်များက လက်ခံရယူသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အင်းလေးဖောင်တော်ဦးဘုရားသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**အင်းလေးကန် ရေရှည်သန့်ရှင်းသာယာလှပရေး**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် အင်းလေးကန် ရေရှည်သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အင်းလေးဒေသအတွင်း ရေရရှိရေး၊ လျှပ်စစ်မီးပြန်လည်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပုံမှန်အတိုင်းအဆင်ပြေချောမွေ့စွာဖြစ်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အင်းလေးကန်အတွင်း မျောပါနေသည့် ကျွန်းမျောများ အမှိုက်သရိုက်များနှင့်ဗိုက်များကို အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားရန်ပြောကြားသည်။

ယင်းနောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အင်းလေးကန် ရေရှည်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အင်းလေးဒေသအတွင်း သောက်သုံးရေနှင့် သုံးရေလိုအပ်ချက်အတွက် အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးရေလျှံမှုများကြုံတွေ့ခဲ့ရသည့် ညောင်ရွှေမြို့နယ်အတွင်းရှိ မြေထိန်းနံရံနိမ့်ဆင်းသွားသည့် ဖောင်တော်ဆိပ်မြေထိန်းနံရံ ပြန်လည်ပြုပြင်နေမှု၊ ညောင်ရွှေမြို့ မင်္ဂလာဈေးတွင် ဈေးပြန်လည်ဖွင့်လှစ်ရောင်းချနေမှုကိုကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့အဝင်ရှိ သာစည်ကန်နှင့် နဒီကန်တွင် သောင်တူးစက်ဖြင့် သဲနုန်းများ ပြန်လည်တူးဖော်ဆယ်ထုတ်နေမှုတို့ကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ -၄၃၁၃၃၉ သို့လည်း **ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ၊ ဒုတိယဆု **"နိုက်"** ရေးသားသည့် **"ပေးချင်တဲ့အမွေနှင့် အခြားစာစုများ"** စာအုပ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## ရွှေဘိုမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေချက်သိုစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်

**ရွှေဘို အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေချက်သိုစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေ ပေးအပ်ခြင်းကို ယနေ့ နံနက် ၈ နာရီက အဆိုပါ စေတီတော်ရှိ ဓမ္မာရုံ၌ကျင်းပရာ ရွှေဘိုမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဘဒ္ဒန္တဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ထို့နောက် နယ်မြေခံတပ်နယ်မှ နယ်မြေမှူးနှင့် အရာရှိစစ်သည်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများက လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသလင်္ကာရာသီဝံသက အနုမောဒနာတရားတော် ဟောကြားချီးမြှင့်သည်။

အဆိုပါလှူဒါန်းမှုတွင် ရွှေဘိုခရိုင် / မြို့နယ်ဌာနဆိုင်ရာများ၊ ရွှေဘိုတပ်နယ်မှူးနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ မြို့မိမြို့ဖနှင့် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် ၃၃၆၀၀၀၀၀ ပါဝင်လှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

## နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၀-၁၀-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | အမ်း | ၃၆.၀ | ၉၆.၈ |
| ၂။ | စစ်ကိုင်း | ၃၅.၂ | ၉၅.၄ |
| ၃။ | ချောက် | ၃၅.၁ | ၉၅.၂ |
| ၄။ | ဇော်င်းတူ | ၃၅.၀ | ၉၅.၀ |
| ၅။ | ဘားအံ | ၃၄.၆ | ၉၄.၃ |
| ၆။ | တောင်တွင်းကြီး | ၃၄.၅ | ၉၄.၁ |

**မိုး/ဇလ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဘီလူးချောင်းအမှတ်(၂)စက်ရုံအတွင်း ရေပြန်လည်ကျဆင်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် အောက်တိုဘာ ၂၀** ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်းသို့ စက်တင်ဘာ ၃၀ ရက်မှစ၍ ရေများဝင်ရောက်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုများ ရပ်တန့်ခဲ့သည်။ ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ စက်ရုံများမှ လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ထုတ်လွှတ်နိုင်ရေး စက်ရုံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး စက်ရုံနှင့် စက်ရုံဝင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်နေသော နုန်းများ ဆယ်တင်၍ သန့်ရှင်းရေး ပြုလုပ်နေမှုများ၊ စက်ရုံဝင်း Switchyard အတွင်း ဝင်ရောက်ခဲ့သည့် သဲနုန်းများ ဖယ်ရှားရှင်းလင်းနေမှု၊ Under-ground Tunnel အတွင်း ရေကြီးရေလျှံမှုကြောင့် ကျောက်တုံးများ၊ သစ်တုံးအပိုင်းအစများနှင့် သဲနုန်းများ ပိတ်ဆို့နေမှုတို့ကို ဖယ်ရှားရှင်းလင်းနေမှုနှင့် စက်ယန္တရားများဖြင့် သဲနုန်းများရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ လျှပ်စစ်မီးပို့လွှတ်နိုင်ရန် အဓိကဖြစ်သည့် Control Panel များတွင် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် Panel များအတွင်း ဝင်ရောက်နေသော သဲနုန်းများ ရှင်းလင်းနေမှုများ၊ ဓာတ်အားပေးစက်ရှိ Main Valve နှင့် Nozzel Valve များ ပြန်လည်ပြင်ဆင်နေမှု၊ စက်ခန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ အမြန်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရန်အတွက် ဘီလူးချောင်း အမှတ်(၁) စက်ရုံနှင့် အမှတ်(၂)စက်ရုံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး လုပ်ငန်းဆောင်ရွက်စဉ် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက



စက်ရုံအမြန် ပြန်လည်လည်ပတ်နိုင်ရေးအတွက် စုပေါင်းလုပ်အားပေးဆောင်ရွက်ကြသည့် စက်ရုံဝန်ထမ်းများနှင့် လောကထု၊ ကျောက်တောင် ကျေးရွာသူ၊ ကျေးရွာသားများကို ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံနှင့် စက်ရုံဝင်းအတွင်း သဲနုန်းရှင်းလင်းခြင်းနှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီးပါက မကြာမီ လျှပ်စစ်မီးပုံမှန်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ (ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ရောဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။


**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

○ *ကျောဖုံးမှ*


ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း

ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ –၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့် ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ငါးသလောက်သယံဇာတများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကာကွယ်ပေး

## ပင်လယ်ပြာ(ငါးဦးစီး)

**ငါးသလောက်သည် ရေငန်မှာနေသော ငါးမျိုးစိတ်ဖြစ်ပြီး သားပေါက်ရန်အတွက် ရေချိုကိုပြန်လာကြသည့် (Anadromous Fish) မျိုးစိတ်များဖြစ်ကြသည်။ သက်တမ်းတစ်နှစ်နှင့် နှစ်နှစ်မှာ အရွယ်ရောက်ကြပြီး ရေချိုမြစ်အတွင်း ဥချသား ပေါက်လေ့ရှိသည်။သားပေါက်များသည် ငါးလ၊ ခြောက်လသား အရွယ်တွင် ရေချို၊ ရေငန်စပ်နှင့် ပင်လယ်ပြင်ကို ပြန်လေ့ရှိကြသည်။**

### ငါးသလောက်၏ ခန္ဓာဗေဒအချက်အလက်များ

ငါးသလောက်ကို ပါဏဗေဒအမည်အားဖြင့် 'ဟီလဆာ အလီရှား' ဟု ခေါ်သည်။ အရသာရှိသော ငါးအဖြစ် အသိများသည်။ ရေချို၊ ရေငန်နှစ်ရပ်လုံးတွင် နေနိုင်သည်။ မိုးတွင်းနှင့် ဆောင်းရာသီအကုန်ပိုင်းတွင် ဥဥရန် ပင်လယ်မှ မြစ်ထဲသို့ ဆန်တက်လာလေ့ရှိသည်။ ဥပြီး ငါးသလောက်သည် ကြုံလှီသွားကာ အရသာ ပျက်သွားတတ်သည်။ ငါးသလောက်၏ ကိုယ်သည် ပြား၍ ဖြက်အနည်းငယ်ကျယ်သည်။

ကျောဆူးတောင် အထက်နားသည် အလယ်၌ ခွက်နေ၏။ အမြီးခွသည် စောက်နက်၍ အဖျားနှစ်ခုသည် ဘေးသို့ ကားထွက်နေသည်။ အကြေးများသည် ခေါင်းမှ အမြီးတိုင်အောင် ညီညီညာညာ ရှိကြသည်။ အရောင်မှာ ရွှေရောင်သန်းလျက်ရှိရာ တစ်ခါတစ်ရံ ကန့်လန့်အမည်းစင်းများထင်နေတတ်သည်။ အထူးသဖြင့် ငါးသလောက်ငယ်များတွင် ကျောပိုင်း၌ ကန့်လန့်အမည်းစင်းများ ပါလေ့ရှိသည်။ ကိုယ်ရှည် ၁ ပေမှ ၂ ပေအထိ ရှိတတ်၏။ ငါးသလောက်ကို ဟင်းလျာအဖြစ် သုံးကြရုံမက ငါးပိဆားနယ်အဖြစ်လည်း သုံးကြသည်။

### နေထိုင်မှုအလေ့အထ

ငါးသလောက်ငါးမှာ ရေပေါ်ရေလွှာနေငါး(pelagic fish)များ ဖြစ်ကြပြီး ငါးသလောက်မျိုးစိတ်အားလုံးသည် ရာသီဥတုအလိုက် နေရာဒေသပြောင်းရွှေ့ကျက်စားသော သဘာဝရှိကြသည်။ ငါးသလောက် သက်တမ်းမှာ (၁-၃) နှစ်ထိရှိပြီး ငါးသလောက်အမမှာ ဥပေါင်း သုံးသိန်းမှ တစ်သန်းထိ ဥဥနိုင်ကြပါသည်။ အပင်မျှောလေး(plankton)နှင့် ရေညှိရေမှော်(algae)များကို အများဆုံး စားသုံးကြသည်။

ငါးသလောက်များသည် ကမ်းရိုးတန်းတစ်လျှောက်တွင် အုပ်စုဖွဲ့ကာ နေထိုင်ကျက်စားကြသလို မြစ်အထက်ပိုင်းသို့လည်း ဆန်တက်နိုင်ကြသည်။ ငါးသလောက်သည် အနံ့အရသာ ကောင်းမွန်ရုံသာမက အသားမှာလည်း နူးညံ့လှသဖြင့် ပြည်ပပို့ကုန်အဖြစ်နာမည်ကြီးပြီး တန်ဖိုးမြင့်ငါးဖြစ်သည်။

### မြန်မာ့ငါးသလောက်မျိုးစိတ်များ

မြန်မာနိုင်ငံတွင် တွေ့ရများသော ငါးသလောက်မျိုးစိတ်နှစ်မျိုးမှာ မြန်မာအခေါ်အရ ငါးသလောက်နှင့် ငါးသလောက်ယောက်ဖဟု အမည်တွင်ပြီး ဒေသအခေါ်မှာ အာနီ၊ အာကြမ်းဟု ခေါ်ဆိုကြကာ အင်္ဂလိပ်အမည်မှာ Hilsa shad နှင့် Toli shad ဟူ၍ဖြစ်သည်။

ဒေသထွက်ကုန်အဖြစ် ငါးသလောက်မျိုးစိတ် (Herring Fish) နှစ်မျိုးကို တွေ့ရှိရသည်။ ၎င်းတို့မှာ-

(၁) Tenualosa ilisha (သို့) Hlisa shad (သို့) ilisha shad

(၂) Tenualosa toil (သို့) Toli shad ဟူ၍ ဖြစ်သည်။

Hilsa shad(သို့) ilisha shad(သို့) Ar-ni (အာနီ) ငါးတွင် ကျောဘက်ပိုင်း၌ ဆူးများမရှိကြဘဲ ပျော့ပျောင်းသော အရေးအကြောင်း (၁၈-၂၁) အထိ ရှိကြသည်။ အာနီငါးများသည် ဆလင်ဒါပုံ သွယ်လျလျရှိကြကာ အရွယ်အစားမှာ အမြင့်ဆုံး ၆၀ စင်တီမီတာရှိပြီး အများအားဖြင့် (၃၀-၃၆) စင်တီမီတာရှိကြောင်း တိုင်းတာလေ့လာမှုအရ သိရှိရသည်။

အာနီငါးသလောက်ငါးသည် ငွေမင်ရောင်ရှိပြီး ရွှေရောင်နှင့် ခရမ်းရောင်တို့လည်း အနည်းငယ်စပ်ဟပ်လျက်ရှိကြသည်။ သားလောင်းများ အရွယ်ရောက်ချိန်တွင် သေးငယ်သော အမည်းရောင် အစက်အပြောက်များ အစီအရီ ထူးခြားစွာ ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။ အမြီးပိုင်းမှာ ဦးခေါင်းပိုင်းကဲ့သို့ ရှည်လျားသွယ်လျကြသည်။

Toil shad (သို့) Ar- gyan (အာကြမ်း) (သို့) ငါးသလောက်ယောက်ဖမျိုးစိတ်၏ ကျောဘက်ပိုင်းနှင့် စအိုဘက်ပိုင်းတွင် ဆူးချွန်များ မရှိကြပါ။ ခန္ဓာကိုယ်ပုံသဏ္ဌာန်မှာ ဆလင်ဒါပုံသွယ်လျလျရှိပြီး အမြီးပိုင်းသည် ဦးခေါင်းပိုင်းထက် ပိုရှည်လျားသည်ကို တွေ့ရှိရသည်။ ပါးဟပ်နောက်ဘက်ပိုင်းတွင် အမည်းရောင် အမှတ်အသားများကို တွေ့ရပြီး အစက်အပြောက်များကိုမူ မတွေ့ရှိရပါ။ အာကြမ်းငါးများသည် ငွေမင်ရောင်ရှိပြီး အခြားအစိတ်အပိုင်း အနည်းငယ်တွင် အပြာ၊ အစိမ်းနှင့်အမည်းရောင်များ အနည်းငယ်စီစပ်ဟပ်လျက်ရှိသည်ကို တွေ့ရှိကြရသည်။



အမြင့်ဆုံးခန္ဓာကိုယ် အလျားသည် ၅၀ စင်တီမီတာရှိပြီး အများအားဖြင့် (၃၀-၄၀) စင်တီမီတာအထိ ရှိကြသည်။ အာကြမ်းငါးသလောက် မျိုးစိတ်ကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့တွင် အများဆုံး တွေ့ရှိရပါသည်။

Herring Fish(ငါးသလောက်နွယ်ဝင်ငါး) သည် တစ်နှစ်ပတ်လုံး နှစ်ရာသီ သားပေါက်ကြပြီး ရှည်လျားမိုးတွင်းကာလ (မိုးရာသီ) တွင် တစ်ကြိမ်၊ တိုတောင်းသော ဆောင်းရာသီအကုန်ပိုင်းတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် သားပေါက်ကြသည်။ ငါးသလောက် အမများသည် ဥပေါင်း သုံးသိန်းမှ တစ်သန်းအထိ ဥ ဥနိုင်ကြသည်။ ဥ ဥချပြီးနောက် သားလောင်းလေးများသည် မြစ်ကြောင်းမှတစ်ဆင့် ပင်လယ်ပြင်သို့ ဆင်းသက်သွားကြပြီး မွေးရပ်မြေမှ ဝေးသောနေရာများတွင် ကြီးပြင်းကြသည်။ သားလောင်းလေးများသည် ပင်လယ်ပြင်သို့ ရောက်ရှိပြီးနောက် ဝေးသောဒေသများသို့ သွားလာခြင်း မပြုလုပ်ကြတော့ပါ။ သို့သော်လည်း ရေတိမ်သောင်ခုံနှင့် ကမ်းခြေဝန်းကျင် တစ်လျှောက်သွားလာ လှုပ်ရှားတတ်ကြသည်။

### ငါးသလောက်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံမှာ ငါးသလောက်မျိုးမသုဉ်းစေရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းရှင်များအနေဖြင့် လွန်ခဲ့သော ၂၀၁၁ ခုနှစ်လောက်က ဥပဒေများ ပြဋ္ဌာန်းခဲ့သလို ငါးသလောက်ငါး မဖမ်းရ ရာသီကိုလည်း သတ်မှတ်ထားသည်ဟု သိရသည်။

ငါးသလောက်ငါးများ ဥချသားပေါက်ရန် ရေချိုသို့ တက်ရောက်လာသည့် နှစ်စဉ် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ငါးသလောက် ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားခြင်း ဖြစ်သည်။

ထို့ပြင် ငါးသလောက်ဖမ်းရာသီတွင် တရားဝင်မှတ်ပုံတင်ထားသူများသာ ဖမ်းခွင့်ပြုထားသည်။ ဤကား ငါးသလောက်ဖမ်းဆီးမှုကို ကန့်သတ်လိုက်ခြင်းပင်ဖြစ်သော်လည်း ဥကပ်ငါးသလောက်ဖမ်းဆီးမှုကိုတော့ တားမြစ်ထားခြင်း မရှိသေးပါ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ ဥကပ်ငါးသလောက်ဖမ်းယူခြင်းကို ဥပဒေဖြင့် ကာကွယ်ပေးလျက် ထိန်းသိမ်းထားကြောင်း သိရပါသည်။ ဥကပ်ငါးနှင့် ငါးသားပေါက်ဖမ်းယူမှုကို ဥပဒေဖြင့် တားမြစ်ပေးခြင်းသည် ငါးသလောက်မျိုးသုဉ်းမည့် အန္တရာယ်ကို ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ ဥပဒေများအနက် အရေးကြီးသော အချက်တချို့ကို ဖော်ပြလိုပါသည်။ ယင်းတို့မှာ-

၁။ သုံးထပ်ပိုက်များဖြင့် ငါးသလောက် ဖမ်းဆီးခြင်း ခွင့်မပြုခြင်း။

၂။ ပိုက်ကွက် လေးလက်မအောက်ကျဉ်းသော ပိုက်ကွက်များဖြင့် ငါးသလောက်ပိုက်မျှောခြင်း ခွင့်မပြုခြင်း။

၃။ ငါးသလောက်ငါး၏ အဓိကသားပေါက်ရာသီဖြစ်သော စက်တင်ဘာလမှ အောက်တိုဘာလအထိ ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ခြင်း။

၄။ သင့်လျော်သော နေရာဒေသများကို ငါးသလောက် ဘေးမဲ့နေရာများ သတ်မှတ်ပေးစေခြင်း စသည်တို့ဖြစ်သည်။

ငါးသလောက်ဥချခြင်း၏ အမြင့်ဆုံးအချိန် အောက်တိုဘာ ၆ ရက်မှ ၂၂ ရက်အထိကိုလည်း "တစ်နိုင်ငံလုံး ငါးသလောက်မဖမ်းရ" အဖြစ် ပိတ်ပင်ထိန်းသိမ်းထားခြင်းကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းရေး တိုးတက်လာစေကြောင်း တွေ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ငါးသလောက်သားပေါက်ချိန် ရာသီအလိုက် ငါးဖမ်းခွင့်ပိတ်ပင်ခြင်းနှင့် ငါးမဖမ်းရဧရိယာများ သတ်မှတ်နိုင်ခဲ့ခြင်းသည် သယံဇာတထိန်းသိမ်းရေးအတွက် လွန်စွာကြီးမားသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

- ❖ **ငါးသလောက်များသည် ကမ်းရိုးတန်းတစ်လျှောက်တွင် အုပ်စုဖွဲ့ကာ နေထိုင်ကျက်စားကြသလို မြစ်အထက်ပိုင်းသို့လည်း ဆန်တက်နိုင်ကြသည်။ ငါးသလောက်သည် အနံ့အရသာ ကောင်းမွန်ရုံသာမက အသားမှာလည်း နူးညံ့လှသဖြင့် ပြည်ပပို့ကုန်အဖြစ်နာမည်ကြီးပြီး တန်ဖိုးမြင့်ငါးဖြစ်**
- ❖ **မြန်မာနိုင်ငံတွင် တွေ့ရများသော ငါးသလောက်မျိုးစိတ်နှစ်မျိုးမှာ မြန်မာအခေါ်အရ ငါးသလောက်နှင့် ငါးသလောက်ယောက်ဖဟု အမည်တွင်ပြီး ဒေသအခေါ်မှာ အာနီ၊ အာကြမ်းဟု ခေါ်ဆိုကြကာ အင်္ဂလိပ်အမည်မှာ Hilsa shad နှင့် Toli shad ဟူ၍ဖြစ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်အတွင်း တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များ ဆောက်လုပ်ရေး လုပ်ငန်းခွင်များ ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် ( ၂၂ ပေx ၄၄ ပေ) သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံ အပျိုဆောင်နှစ်လုံး တည်ဆောက်နေမှု အခြေအနေများနှင့် ( ၂၂ ပေx ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ လူပျိုဆောင်တစ်လုံး တည်ဆောက်နေမှု အခြေအနေများ၊ ဥဒ္ဒေါသိဒ္ဓိရပ်ကွက်အတွင်း အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်(2-Bed) သံကူကွန်ကရစ်အဆောက်အအုံ ကိုးလုံး တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေရှည်ခိုင်ခံ့ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံတစ်လုံး တည်ဆောက်နေမှု အခြေအနေများနှင့် (၂၂ ပေx ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ အပျိုဆောင်တစ်လုံးတည်ဆောက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် ကုလားပဲအုပ်စုဝင်ပဲအမျိုးအစားများ အရောင်းအဝယ် ကောင်းနေ

**မန္တလေး အောက်တိုဘာ ၂၀**

သီတင်းကျွတ်ကာလအပြီး မန္တလေးဈေးကွက်အတွင်း၌ ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် မြန်မာထွက်ကုန် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



မန္တလေးဈေးကွက်အတွင်း ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများအနေဖြင့် V2၊ V7၊ 929၊ ဗမာကုလားပဲများ ဟူ၍ရှိကြောင်း၊ ဈေးနှုန်းများအနေဖြင့် V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၂၀၀၀၊ V7 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေ အရောင်းအဝယ်သွက်နေပါတယ်။ ပြီးခဲ့တဲ့ နှစ်ထက်စာရင် တောင်သူတွေ ဈေးကောင်းလည်းရရှိနေပါတယ်။ ဒီနှစ်ကကုလားပဲအထွက်နှုန်းလည်း အသင့်အတင့်ကောင်းမွန်ပါတယ်။ ကုလားပဲကို နှစ်စဉ်ဝယ်ယူနေတဲ့ နိုင်ငံတွေကတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေက ဝယ်ယူနေပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်းမပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ လက်ရှိအချိန်က ကုလားပဲစိုက်ပျိုးတဲ့ ရာသီချိန်ဖြစ်တဲ့အတွက် တောင်သူတွေ ကြိုးစားပြီး စိုက်ပျိုးနေကြပါတယ်။ ဈေးကောင်းရနေတဲ့အတွက်ကြောင့် စိုက်ဧကတွေလည်း ပိုမိုများပြားလာနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင်တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါ ကုလားပဲများ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

## ဓနုဖြူမြို့နယ်၌ မျက်စိအထူးကုဆရာဝန်ကြီးများက ပြည်သူများအား အခမဲ့မျက်စိစမ်းသပ်ကုသပေး

**ဓနုဖြူ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကု ဆရာဝန်ကြီးများ၏ မျက်စိအထူးကုဆေးကုသရေးအစီအစဉ်ဖြင့် ဓနုဖြူမြို့ ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၂၀ မှ ၂၉ ရက်အထိ ၁၀ ရက်တိုင် ရဟန်းရှင်လူပြည်သူများအား အခမဲ့ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လွင်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ယနေ့တွင် မြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူ ၁၅၆ ဦး မျက်စိလာရောက်ပြသစမ်းသပ်စစ်ဆေးကုသမှုများ ခံယူလျက်ရှိကာ ၎င်းတို့ကို မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က ခေတ်မီစက်ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်၍ ခွဲစိတ်ရန်လိုအပ်သူများကို ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ အခမဲ့မျက်စိခွဲစိတ်ကုသမှုခံယူပြီးသော ရဟန်းရှင်လူပြည်သူများအတွက် နေကာမျက်မှန်အပါအဝင် မျက်စဉ်း၊ မျက်ကပ်မှန်နှင့် ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



# စလင်းမြို့နယ်၌ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**စလင်း အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ ကညွပ်ကျေးရွာရှိ ရပ်ရွာလူထုအတွက် လူသားချင်းစာနာမှုအစီအစဉ်ဖြင့် ရေဘေးသင့်ပြည်သူများအား မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဆင်ဖြူကျွန်းမြို့ ကြက်ခြေနီအသင်းခွဲငယ်မှ ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ခြင်းကို အောက်တိုဘာ ၁၉ ရက်က ကညွပ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရာတွင် အိမ်ထောင်စု ၁၆၈ အိမ်ထောင်စုနှင့် အုန်းတောကျေးရွာမှ အိမ်ထောင်စု ၃၀ အား ဆေးခြင်ထောင်၊ ကာဗွန်လင်၊ စောင်၊ Lndivdual Hygiene Kitနှင့် Dignity. Kit ပစ္စည်း ငါးမျိုးတို့ကို မကွေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ တာဝန်ရှိသူများ၊ ဆင်ဖြူကျွန်းမြို့ ကြက်ခြေနီအသင်းခွဲမှတာဝန်ရှိသူများ ရပ်ကျေးအုပ်ချုပ်ရေးမှူးများက ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၁၉၈ စုတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



**မကွေး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူ များဖြင့် စည်ကားလျက်ရှိသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (အောက်တိုဘာ ၁၂ ရက်မှ ၃၁ ရက်) အထိ ရက်ပေါင်း ၂၀ ကြာ အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း၊ အဆိုပါ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီး အထိမ်းအမှတ် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲများအပြင် ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ဒေသထွက်ကုန် အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် စုံစုံလင်လင် ခင်းကျင်းရောင်းချပေးလျက်ရှိကာ အနယ်နယ်အရပ်ရပ်မှ လာရောက်သော ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ် အထူး စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ပေါင်းတည်၌ အကြိမ် (၁၄၀) မြောက် ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီ ကြွချီအပူခံပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**ပေါင်းတည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အကြိမ် (၁၄၀) မြောက် ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီကြွချီ အပူဇော်ခံပွဲကို ယမန်နေ့ ညနေပိုင်းမှစ၍ သုံးရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံပွဲကို ပေါင်းတည်မြို့တောင်ပိုင်း ဇီးတောဘုန်းတော်ကြီးကျောင်းမှ ဦးဆောင်ကျင်းပလာခဲ့ရာ အကြိမ် (၁၄၀) မြောက်ရှိခဲ့ပြီဖြစ်ကြောင်းသိရပြီး တာဝတိံသာမှ ဆင်းသက်ကြွချီလာသော မြတ်စွာဘုရားအား နတ်ဗြဟ္မာများ ခြံရံလျက် လူသားများက ဆီမီးခွက်များ ကိုင်ဆောင်ကာ မြို့နယ်အတွင်းသို့ ဒေသစာရီကြွချီ အပူဇော်ခံကြသည်။

ထိုဒေသစာရီကြွချီရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူပြည်သူများက ဖူးမြော်ကြည်ညိုခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ပန်း၊ ဆီမီး အမွှေးနံ့သာများနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်းခြင်းများဖြင့် ကုသိုလ်ပြုကြသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ တရားဟောကြားပြီး လူပြည်သို့ ပြန်လည်ဆင်းသက်ကြွချီခြင်း၊ လူသားများက ဆီမီးများ ထွန်းညှိပူဇော်ကြိုဆိုခြင်းများကို အကြောင်းပြု၍ အဆိုပါ ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီကြွချီအပူဇော်ခံပွဲကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ညချမ်းအခါများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။**ရွှေသား(ပြန်/ဆက်)**

# ကလောမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**ကလော အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးသွားမည်ဖြစ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက နန်းတိုင်းကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ရွာသစ်ကုန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်၍ ၎င်းစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးအား အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင် သီလရှင်အပါး ၃၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၂၀**

(၁၄)ကြိမ်မြောက် ဝါတွင်းကာလ အရဏ်ဆွမ်းအလှူတော်အဖြစ် ဝါဆိုဝါကပ်တော်မူကြကုန်သော စာသင်တိုက်ကြီးများအပါအဝင် ကျောင်းပေါင်း ၃၀ ခန့်မှ သံဃာတော်အရှင်သူမြတ်များနှင့် သာမဏေ အပါး ၁၄၀၀ ကျော်အား ဆွမ်း၊ ဆွမ်းဟင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်း အရဏ်ဆွမ်းလောင်းလှူခဲ့သည့် အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်တော် လောင်းလှူပွဲကို ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၁၉ ရက်) ညနေပိုင်းတွင် ပုညသဂ်ဟဆွမ်းအဖွဲ့နှင့် လမ်းသူလမ်းသားများက သီလရှင်တိုက်များမှ သီလရှင်အပါး ၃၀၀ ခန့်အား လောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **အာကာလင်း**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင် တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**ချင်းတွင်းမြစ်ရေ**

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မြစ်သာမြစ်ရေ**

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

## ကျေးသီးမြို့နယ် ဝမ်မိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် မြေသားလမ်းသဲဖြန့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျေးသီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဝမ်ခုန့်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်မိုင်ကျေးရွာတွင် အရှည်ပေ ၃၃၀၀ အကျယ် ၁၂ ပေ၊ ထုကိုးလက်မရှိ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ကို အသုံးပြုကာ ဩဂုတ်လ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်မှုကြောင့် ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၅၇ အိမ်၊ လူဦးရေ ၁၀၀ တို့အတွက် သန့်ရှင်းသောသောက်ရေသုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ကန့်ဘလူ၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချပေး

**ကန့်ဘလူ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ကန့်ဘလူမြို့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို ပြင်ပပေါက်ဈေးထက် လျှော့ချရောင်းပေးခြင်းကို မြို့နယ်ဌာနဆိုင်ရာများနှင့် ဆီလုပ်ငန်းရှင်များ ပူးပေါင်းကာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအရှေ့ ကျွန်းရွှေဝါလမ်းဘေး၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စားအုန်းဆီများရောင်းချပေးရာတွင် ပြည်သူများ သက်သာသောနှုန်းဖြင့် ဝယ်ယူနိုင်စေရန် လူတစ်ဦးလျှင် စားသုံးဆီ ၅၀ ကျပ်သားကို ၃၈၂၅ ကျပ်ဖြင့် ပြည်သူများလက်ဝယ်အရောက် ရောင်းချပေးခြင်းဖြစ်ပြီး ယင်းနေ့တွင် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်တို့၌ ရောင်းချပေးခဲ့ပြီး ကျန်ရပ်ကွက်များတွင်လည်း ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မောက်မယ်မြို့နယ်၌ ပျက်စီးသွားသော တံတားတစ်စင်းကို ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်ဆောင်ရွက်

**မောက်မယ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ လဆန်းပိုင်းက မိုးဆက်တိုက်ရွာသွန်းမှုကြောင့် နမ့်ယွမ်းချောင်းရေ မြင့်တက်ပြီး ရေကြီးရေလျှံမှုဖြစ်ကာ ရပ်ကွက်များအတွင်းရှိ မြေနိမ့်ပိုင်းနေအိမ်အချို့တွင် ရေများဝင်ရောက်ခဲ့ရာ ကူညီကယ်ဆယ်ရေးများ ပြုလုပ်ခဲ့ရပြီး ကွန်ကျိုင်းရပ်ကွက်နှင့် ကွန်ဆင်ကျေးရွာဆက်သွယ်ထားသော တံတားသည်လည်း ရေထဲမျောပါခဲ့သဖြင့် ယနေ့နံနက်ပိုင်းတွင် ကွန်ကျိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ရေကြီးရေလျှံမှုတွင် ရပ်ကွက်နှင့် ကျေးရွာဆက်သွယ်ထားသည့် နမ့်ပိန်ချောင်းပေါ်ရှိ ရေထဲမျောပါခဲ့သည့် ကွန်ဆင်တံတားသည် အကျယ် ၁၀ ပေ၊ အရှည်ပေ ၅၀ ခန့်ရှိပြီး ထိုကိုယ့်အားကိုယ်ကိုးတံတားအား ရပ်ကွက်အတွင်း နေထိုင်သည့် လူငယ်များနှင့် ကွန်ဆင်ကျေးရွာမှ ခြံပိုင်ရှင်များက စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော်   အောက်တိုဘာ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၅၀ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ ၀ ဒသမ ၂၀ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၆ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၀.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၀၀၇၅ | ၆၂၆.၈၉ | ၅၆၄၄၂၉ | ၁၅၅၅၀ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၅၀ | ၃၆၃၀ | - | ၆၂၆.၆၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၆.၇၅ | ၂၇၉၄၂ | - | ၈.၂၅ | ၈၅၅၈ | - | - | - | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၃ | ၅၁၈.၇၀ | ၈၈၂၂၁ | ၂၇၁ | ၁.၃၀ | ၃၅၄၉ | - | - | - | ၅၁၈.၇၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | - | ၅၀၉.၁၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၅၀ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၄ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၈၅ |
| ၆ | လယ်ဝဲ / လိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၁ | ၅၃၄.၅၁ | ၇၃၀၃၀ | ၁၂၀ | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၄ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၂ | ၇၅၄၃ | ၁၁ | ၂.၀၈ | ၁၁၇၅ | - | - | - | ၄၁၅.၉၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၇ | ၇၀၃.၄၇ | ၁၀၇၂၆၀ | ၉၅ | ၆.၅၃ | ၃၅၈၃၀ | - | - | - | ၇၀၃.၄၉ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၂ | ၆၀၁.၈၅ | ၄၉၃ | ၅၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၉ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | - | ၈၆၃.၅၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် ၁၆ ချပ်ထောင်ထားပါသည်။

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင် နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရေနှင့်အတူ မျောပါလာသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊
- ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊
- ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီး ဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူ ရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေး ရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ရွှေ့ပြောင်းနေထိုင်သူတွေအရေး ပိုမိုသဘောထားတင်းမာလာတဲ့ ဥရောပသမဂ္ဂ

**နှင်းမိုးအိမ်**

ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေဆီရောက်ရှိနေတဲ့ တရားမဝင်ခိုးဝင်နေထိုင်သူတွေကို နေရပ်ပြန်ပို့ခြင်းလုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် ကမ်းလွန်ပင်လယ်ပြင် စင်တာတွေ တည်ဆောက်မယ်ဆိုတဲ့ အချက်ကို စဉ်းစားလာကြပါပြီ။ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေဆီ အစုအဖွဲ့လိုက်ရောက်ရှိလာမယ့် ခိုလှုံခွင့်တောင်းခံသူတွေကို ရပ်တန့်တားဆီးနိုင်ရေး ပိုမိုတင်းကျပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ဖို့ ဥရောပသမဂ္ဂအဖွဲ့ကြီးက ကြိုးစားလျက်ရှိပါတယ်။

### မျှော်လင့်ခဲ့ကြ

အောက်တိုဘာ ၁၇ ရက်မှာ ပြုလုပ်တဲ့ ရွှေ့ပြောင်း နေထိုင်မှုဆိုင်ရာ ခေါင်းဆောင်များ အစည်းအဝေးမှာလည်း အကြိတ်အနယ်ဆွေးနွေးကြဖို့ ဥရောပသမဂ္ဂ ခေါင်းဆောင်တွေက မျှော်လင့်ခဲ့ကြပါတယ်။

ဂရိနိုင်ငံ ကို့စ်ကျွန်းအနီး လူတွေပြည့်ကျပ်နေတဲ့ အမြန်ရေယာဉ်ပေါ်ကနေ လမ်းလျှောက်တတ်စကလေးနှစ်ဦးအပါအဝင် လေးဦး ပြုတ်ကျသေဆုံးမှုဖြစ်ပေါ်ခဲ့ပြီးတဲ့နောက် အစည်းအဝေးမှာ အကြိတ်အနယ် ဆွေးနွေးကြဖို့ ဖြစ်လာပါတော့တယ်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က ဥရောပသမဂ္ဂရဲ့အပြင်ဘက်မှာ ပြန်လည်ပို့ဆောင်ရေးစင်တာတွေ တည်ထောင်ဖို့ဆိုတဲ့အချက်ကို ခေါင်းဆောင်တွေ ဆွေးနွေးခဲ့ကြတယ်လို့ တစ်ရက်ကြာထိပ်သီးအစည်းအဝေးအပြီး သတင်းထောက်များကို ပြောကြားခဲ့ပါတယ်။

### အတည်ပြုပေးခဲ့

ညလုံးပေါက်နီးပါး ပင်လယ်ပြင်မှာ ပြုတ်ကျသွားသူတွေကို စေ့စေ့စပ်စပ် ရှာဖွေမှုတွေ ပြုလုပ်ခဲ့ပြီးတဲ့နောက် အောက်တိုဘာ ၁၆ ရက်မှာ သေဆုံးသူဦးရေကို အာဏာပိုင်တွေက အတည်ပြုပေးခဲ့ပါတယ်။

သေဆုံးသူတွေထဲမှာ အသက်နှစ်နှစ်မှ လေးနှစ်အတွင်း ကလေးနှစ်ဦးနဲ့ အမျိုးသမီးနှစ်ဦး ပါဝင်ပါတယ်။ ၃၁ ဦးပါဝင်တဲ့ ရွှေ့ပြောင်းနေထိုင်သူအုပ်စုဟာ တူရကီကမ်းရိုးတန်းကနေ အီတလီကိုရောက်အောင် လာကြတဲ့အုပ်စုလည်း ဖြစ်ပါတယ်။

ကင်းလှည့်သင်္ဘောတစ်စင်းက အမှုထမ်းတွေဟာ အမြန်ရေယာဉ်ကိုရပ်တန့်ဖို့ အချက်ပြခဲ့ပါတယ်။ အဲဒီအခါ အမြန်ရေယာဉ်မောင်းနှင်သူဟာ အန္တရာယ်များတဲ့အပြုအမူကို ပြုလုပ်ခဲ့တယ်လို့ ကမ်းခြေစောင့်တပ်ဖွဲ့ကပြောပါတယ်။ အဲဒီလိုအပြုအမူကြောင့် အမြန်ရေယာဉ်ပေါ်ကနေ ၁၀ ဦး ပင်လယ်ထဲကို ပြုတ်ကျခဲ့ခြင်းဖြစ်တယ်။

အဲဒီအမြန်ရေယာဉ်ပေါ်မှာ ပါတဲ့လူတွေထဲမှာ ၂၇ ဦး အသက်ရှင်ကျန်ရစ်ခဲ့ပြီး ကလေးငါးဦးနဲ့မွေးကင်းစကလေးငယ်တို့ကို ကို့စ်ကျွန်းပေါ်မှာရှိတဲ့ အထွေထွေဆေးရုံကို ပို့ဆောင်ပေးခဲ့ရပါတယ်။ နယ်စပ်ပြင်ပကို ထိန်းချုပ်ဖို့အတွက် ပိုမိုတင်းကျပ်တဲ့လုပ်ဆောင်မှုတွေကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေ လုပ်ဆောင်လာကြတဲ့နောက် ဖြစ်ပေါ်လာတဲ့ ကြေကွဲဖွယ်ရာဖြစ်ရပ်ထဲက တစ်ခု ဖြစ်လာပါတယ်။

### လာရောက်ဖို့ရှိ

ထိပ်သီးအစည်းအဝေး မစတင်မီက ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က အီးယူပြင်ပမှာ ခိုလှုံခွင့်တောင်းခံသူတွေကို ပြန်ပို့ရမယ့် အချက်အချာကျတဲ့နေရာကိုရှာဖွေဖို့ တောင်းဆိုခဲ့ပြီး အီတလီနဲ့အယ်လ်ဘေးနီးယားတို့ကြား အငြင်းပွားဖွယ် သဘောတူညီမှုကို ဖြစ်နိုင်ခြေရှိတယ်ဆိုပြီး ဖော်ပြခဲ့ပါတယ်။

ခိုလှုံခွင့်တောင်းခံသူတွေနဲ့ ပတ်သက်ပြီး ဥပဒေပြန်လည်ပြင်ဆင်ရေး ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တက်စ်ရဲ့အစီအစဉ်အတွက် မကြာခင်မှာပဲ ပိုလန်ဝန်ကြီးချုပ်ဟာ ဘရပ်ဆဲလ်ကို လာရောက်ဖို့ရှိပါတယ်။

ဥရောပသမဂ္ဂ အဖွဲ့ကြီးအနေနဲ့ အယ်လ်ဘေးနီးယားအစိုးရနဲ့ သဘောတူညီမှုရယူနိုင်ခဲ့တဲ့ အီတလီဝန်ကြီးချုပ်ဆီကနေ သင်ယူသင့်တယ်လို့ ဥရောပကော်မရှင်ဥက္ကဋ္ဌကပြောပါတယ်။

အခုဆိုရင် အယ်လ်ဘေးနီးယားမှာ ခိုလှုံခွင့်တောင်းခံသူတွေကို ထားရှိမယ့် စင်တာနှစ်ခု တည်ဆောက်ခဲ့ပြီး လူတွေ စတင်လက်ခံနေပါပြီ။ အီတလီကိုဝင်ရောက်ဖို့ကြိုးပမ်းကြတဲ့ ခိုးဝင်သူတွေကို နိုင်ငံတကာရေပြင်မှာ ကြားဖြတ်ဟန့်တားနိုင်ဖို့ရည်ရွယ်ပါတယ်။



အယ်လ်ဘေးနီးယားသို့ ပို့ဆောင်ခံရမည့် ရွှေ့ပြောင်းနေထိုင်သူများကို သယ်ဆောင်လာသည့် သင်္ဘောကို တွေ့ရစဉ်။

> ❐ **ဥရောပသမဂ္ဂ အဖွဲ့ကြီးအနေနဲ့ အယ်လ်ဘေးနီးယားအစိုးရနဲ့ သဘောတူညီမှုရယူနိုင်ခဲ့တဲ့ အီတလီဝန်ကြီးချုပ်ဆီကနေ သင်ယူသင့်တယ်လို့ ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောပါတယ်။ အခုဆိုရင် အယ်လ်ဘေးနီးယားမှာ ခိုလှုံခွင့်တောင်းခံသူတွေကိုထားရှိမယ့် စင်တာနှစ်ခု တည်ဆောက်ခဲ့ပြီး လူတွေစတင်လက်ခံနေပါပြီ။**

### ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့

ယခုနှစ်အတွင်း ဥရောပသမဂ္ဂ အရှေ့ပိုင်းနယ်စပ်ကို လူပေါင်း ၁၃၁၉၅ ဦး ရောက်ရှိခဲ့ပြီး ၁၉၂ ရာခိုင်နှုန်း တိုးလာခဲ့တယ်လို့ ဥရောပသမဂ္ဂ နယ်စပ်အေဂျင်စီက ယခုသီတင်းပတ်အတွင်းမှာ သတင်းထုတ်ပြန်ထားပါတယ်။

ဧပြီလအတွင်းကလည်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ဟာ ရွှေ့ပြောင်းနေထိုင်သူများ အစီအစဉ်နဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါတယ်။

### သိသိသာသာတိုးလာ

ဗြိတိန်အစိုးရရဲ့ ရဝမ်ဒါအစီအစဉ်နဲ့ပတ်သက်ပြီးတော့လည်း ဥရောပသမဂ္ဂ အဆင့်မြင့်အရာရှိကြီးတွေဟာ ဝေဖန်ခဲ့ကြပါတယ်။ ဒီဇိုင်းတိတိကျကျ သတ်မှတ်ထားခြင်းမရှိသေးသော်လည်း ကမ်းလွန်စင်တာတွေ တည်ထောင်ဖို့အတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေရဲ့ စိတ်ဝင်စားမှုဟာ သိသိသာသာတိုးလာနေပါတယ်။

ဂျာမနီရဲ့ ဦးတည်ချက်ဟာလည်း ပိုမိုပြတ်သားလာပြီး ကမ်းလွန်စင်တာတွေ တည်ဆောက်ဖို့အစီအစဉ်ကို ဆန့်ကျင်ဖို့ မဖြစ်နိုင်ပါဘူး။ စစ်ပွဲတွေနဲ့ ရာသီဥတု ပြောင်းလဲမှုတွေကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်မှုတွေ ပိုတိုးလာတယ်လို့ အောက်တိုဘာ ၁၄ ရက်မှာ ဂရိရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ဒုတိယဝန်ကြီး ဆိုဖီယာဗော့တစ်စီက သတိပေးခဲ့ပါတယ်။

### ပျောက်ဆုံးနေဆဲ

ယခုနှစ် အစောပိုင်းကာလမှာ သဘောတူခဲ့တဲ့ ဥရောပသမဂ္ဂရွှေ့ပြောင်းအခြေချရေး သဘောတူစာချုပ်ဟာ ချို့ယွင်းချက်တွေရှိနေတဲ့အတွက် အဲဒီပြဿနာကိုဖြေရှင်းဖို့ လက်တွေ့မှာ မအောင်မြင်ခဲ့ပါဘူး။ သဘောတူညီချက်ရရှိခဲ့ပေမယ့် အခြေခံအချက်ကတော့ ပျောက်ဆုံးနေဆဲဖြစ်တယ်လို့ အေသင်မြို့မှာပြုလုပ်တဲ့ အစည်းအဝေးအတွင်း ဆိုဖီယာက ပြောပါတယ်။ ခိုလှုံခွင့်တောင်းခံသူတွေအတွက် ဘုံစနစ်ရှိရမယ်လို့ သူကဆက်ပြောပါတယ်။

### လူ့အသက်ဆုံးရှုံးမှုတွေဖြစ်ပေါ်

စစ်ပွဲတွေနဲ့ ပဋိပက္ခတွေကြောင့် အပူတပြင်း ထွက်ပြေးလာသူတွေအတွက် ဥရောပကနေ တရားဝင်လမ်းကြောင်းကမ်းလှမ်းမှုတွေ မရှိတဲ့အတွက် လူ့အသက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာရခြင်းဖြစ်တယ်လို့ ဒုက္ခသည်များ သွေးစည်းညီညွတ်ရေး အလုပ်သမားအဖွဲ့ကပြောပါတယ်။ ထိခိုက်ခံစားလွယ်သူတွေဟာ ပင်လယ်ပြင်မှာ အသက်ဆုံးရှုံးနေရပါတယ်လို့ ဂရိဒုက္ခသည်ကောင်စီ အကြီးအကဲ လက်ဖ်တာရဏ် ပါပါဂျီနာကစ်က ကို့စ်ကျွန်းအနီးမှာ ကလေးငယ်နှစ်ဦး သေဆုံးသွားတာနဲ့ ပတ်သက်ပြီး ပြောပါတယ်။

### စိုးရိမ်နေကြရ

ဒါဟာ ဘာကြောင့်လဲဆိုရင် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ တရားဝင်လမ်းကြောင်းတွေကို လျစ်လျူရှုပြီး မူဝါဒတွေနောက်ကိုလည်း လိုက်နေလို့ဖြစ်တယ်လို့ သူကဆက်ပြောပါတယ်။ အီတလီကတော့ အယ်လ်ဘေးနီးယားမှာ ရွှေ့ပြောင်းနေထိုင်သူတွေ ထားရှိဖို့ စင်တာတွေ တည်ဆောက်ထားပါတယ်။

ဥရောပသမဂ္ဂပြင်ပမှာ အဲဒီလို အဆောက်အအုံများတည်ဆောက်ထားရှိခြင်းဖြင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဆီကို တရားမဝင်ခိုးဝင်နေထိုင်ဖို့ ကြိုးပမ်းသူများကို အဟန့်အတားဖြစ်စေမယ်လို့ အီတလီဝန်ကြီးချုပ်က ပြောပါတယ်။ ဒါပေမယ့် ရွှေ့ပြောင်းနေထိုင်သူများ အခွင့်အရေးအတွက် အာမခံချက် လုံလုံလောက်လောက် မပေးနိုင်လို့ လူ့အခွင့်အရေးအုပ်စုများက စိုးရိမ်နေကြရပါတယ်။

**ကိုးကား - သည်ဂါဒီးယန်း**



အယ်လ်ဘေးနီးယားအနောက်မြောက်ပိုင်းရှိ ရွှေ့ပြောင်းနေထိုင်သူများ လက်ခံရေးစင်တာကို တွေ့ရစဉ်။

# ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးဗဟိုအဖွဲ့**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH (Call Sign: 3WGN) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

Shwe Project Subsea System Inspection လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်သည် -

| Point | Latitude | Longitude |
|---|---|---|
| A | 19° 41' 35.448" N | 92° 33' 37.692" E |
| B | 19° 40' 24.384" N | 92° 32' 19.428" E |
| C | 19° 34' 36.804" N | 92° 35' 3.408" E |
| D | 19° 35' 20.22" N | 92° 36' 44.928" E |

ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH (Call Sign: 3WGN) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ရေလမ်းကြောင်းတူးဖော်ခြင်း လုပ်ငန်းများ (Dredging) ပြုလုပ်မည့် Coordinate များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) **ရေလမ်းကြောင်းတူးဖော်မည့် area coordinate များ -**

| Point | Latitude | Longitude |
|---|---|---|
| A1 | 19° 26' 43.57" N | 93° 33' 15.43" E |
| A2 | 19° 26' 22.71" N | 93° 34' 42.43" E |
| A3 | 19° 26' 15.48" N | 93° 35' 03.12" E |
| A4 | 19° 26' 27.70" N | 93° 35' 06.38" E |
| A5 | 19° 26' 53.67" N | 93° 33' 18.12" E |
| B1 | 19° 28' 16.09" N | 93° 27' 40.10" E |
| B2 | 19° 27' 54.98" N | 93° 29' 8.16" E |
| B3 | 19° 28' 2.79" N | 93° 27' 37.80" E |
| B4 | 19° 27' 41.73" N | 93° 29' 5.94" E |
| C1 | 19° 29' 54.12" N | 93° 20' 50.51" E |
| C2 | 19° 29' 34.29" N | 93° 22' 12.65" E |
| C3 | 19° 29' 40.93" N | 93° 20' 46.99" E |
| C4 | 19° 29' 21.09" N | 93° 22' 10.16" E |

(ခ) **ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များ-**

| Point | Latitude | Longitude |
|---|---|---|
| NO. 1 | 19° 25' 21.2040" N | 93° 37' 05.7420" E |
| NO. 2 | 19° 23' 45.4641" N | 93° 39' 10.7779" E |
| NO. 3 | 19° 23' 43.9506" N | 93° 39' 36.6783" E |
| NO. 4 | 19° 23' 43.8978" N | 93° 39' 58.6483" E |

(ဂ) **အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁)-**

| Point | Latitude | Longitude |
|---|---|---|
| A | 19° 25' 08.8180" N | 93° 34' 40.8381" E |
| B | 19° 25' 03.1834" N | 93° 34' 39.6329" E |
| C | 19° 24' 55.1601" N | 93° 35' 09.1561" E |
| D | 19° 25' 07.4005" N | 93° 35' 09.0128" E |

(ဃ) **အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂)-**

| Point | Latitude | Longitude |
|---|---|---|
| A | 19° 24' 58.9947" N | 93° 35' 14.7660" E |
| B | 19° 24' 52.8627" N | 93° 35' 14.8818" E |
| C | 19° 24' 54.2140" N | 93° 35' 31.6016" E |
| D | 19° 24' 59.0975" N | 93° 35' 31.4619" E |

(င) **မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များ -**

| Point | Latitude | Longitude |
|---|---|---|
| Center Point | 19° 32' 49.79" N | 93° 24' 51.39" E |

သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND (Call Sign: V7OJ2) ရေယာဉ်ဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅၀ မီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀ - မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်သည်။

အောက်တိုဘာ ၁၆ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၂၃၈၇၈၅) ကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၃၁၈၇၈၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၉ ဒသမ ၀၉၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၄၃၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၅၂၀၈၉)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှာ ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်





အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မအားဖိန်(ခ) လီဟိုဖိန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မအားတုံ(ခ)စန်းသီရိအောင်အား တွေ့ရှိရပြီး စိတ်ပြောင်းဆေးဝါး Happy Water ၀ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ကာ စစ်ဆေးချက်အရ ည ၈ နာရီ ၄၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ မအားတုံ(ခ)စန်းသီရိအောင် တည်းခိုနေထိုင်သည့် ဟိုတယ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၀ ဒသမ ၇ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ပါဝုန်းကျေးရွာအနီးရှိ အိုက်ရှဲန်၏ လယ်တဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၁ ကီလိုကိုလည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၁၉



ရက် မွန်းတည့် ၁၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် နန္ဒာကိုကို(ခ)အလီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) ၂ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပေါင်းတည်မြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် အောက်တိုဘာ ၁၉ ရက်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် ည ၂ နာရီ မိနစ် ၅၀ တွင် ထန်းသုံးခွကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့၍ စိစစ်ခဲ့ရာ အဆိုပါ ကျေးရွာနေ အောင်နိုင်ဝင်း (၄၆)နှစ်၏ နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင် လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ် နှစ်လုံး မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သောကြောင့် အောင်နိုင်ဝင်းအား ပေါင်းတည်မြို့မ ရဲစခန်း(ပ) ၃၈၅/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ပုဗ္ဗသီရိမြို့နယ်၌ မော်တော်ယာဉ်က ဆိုင်ကယ်ကို နောက်မှဝင်ရောက်တိုက်မိသဖြင့် အမျိုးသမီးတစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ၂၀**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ အောက်တိုဘာ ၁၈ ရက်က မော်တော်ယာဉ်မှ ဆိုင်ကယ်ကို နောက်မှဝင်ရောက်တိုက်မိသဖြင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ည ၁၀ နာရီခွဲအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၉) ရပ်ကွက်နေ ဇော်လင်းအောင်(၃၅) နှစ် မောင်းနှင်လာသည့် NPW-7 6R/xxxx HONDA CRV ယာဉ်သည် တော်ဝင်ရတနာလမ်းဘက်မှ ရာဇဌာနီလမ်းမပေါ်သို့ချိုးကွေ့မောင်းနှင်စဉ် လားရာတူရှေ့မှ ပုဗ္ဗသီရိမြို့နယ် ရွာတော်တောင် ကျေးရွာနေ ဒေါ်ဝေဝေထွန်း(၃၃)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ မကေခိုင်ငြိမ်း (၁၇)နှစ်နှင့် မအိမ့်မှူးဝတီဇော် (၈) နှစ်တို့ လိုက်ပါလာသည့်ဆိုင်ကယ်ကို နောက်မှ ဝင်ရောက်တိုက်မိခဲ့၍ ဒေါ်ဝေဝေထွန်းနှင့် မကေခိုင်ငြိမ်းတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေစဉ် မကေခိုင်ငြိမ်းမှာ ရရှိသော ဒဏ်ရာများဖြင့်သေဆုံးသွားခဲ့သဖြင့် ဇော်လင်းအောင်အား ပတ္တာ နယ်မြေရဲစခန်းယာဉ် (ပ) ၆/၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/ ၃၃၈/၃၃၇ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# MNL ပြိုင်ပွဲတွင် အပြန်အလှန်သွင်းဂိုးများဖြင့် သစ္စာအားမာန်အသင်း အနိုင်ရ



**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့အဖြစ် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့အောက်တိုဘာ ၂၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် အပြန်အလှန် သွင်းဂိုးများဖြင့် မြဝတီကို အနိုင်ရခဲ့ပြီး တန်းဆင်းဇုန်အန္တရာယ်မှ ရုန်းထွက်နိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။ တန်းဆင်းဇုန် အဆင့် ၁၁ နေရာ ရောက်နေသည့် မြဝတီအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် လင်းထက်ဦး၊ မင်းမော်ဦးတို့၏ ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး မြဝတီအသင်းသည် နှစ်ဂိုးအရှုံးမှ နှစ်ဂိုးစီသရေအထိ လိုက်ကစားနိုင်သော်လည်း ဂိုးများ ထပ်ပေးရသဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၅၊ ၃၈ မိနစ်တွင် လင်းထက်ဦး၊ ၁၀၊ ၆၅ မိနစ်တွင် မင်းမော်ဦးတို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးများကို ၂၁ မိနစ်တွင် ကောင်းစည်သူ၊ ၃၃ ၊ ၉၀+ ၂ မိနစ်တွင် စောအောင်မျိုးထွန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်း တိုက်စစ်ကစားသမား မင်းမော်ဦးက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ၁၂ ပွဲကစား ၁၀ မှတ်၊ မြဝတီအသင်းက ၁၂ ပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၂) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၂၁ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဒဂုံစတား ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# ကျွန်းစုမြို့တွင် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဖူဆယ်ဘောလုံး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျွန်းစု အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ ပေါင်းစုံ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



ဗိုလ်လုပွဲတွင် U - ၂၂ ထိန်ချောင်းအသင်းနှင့် အမှတ် ၂ အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး ထိန်ချောင်းအသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလား ရရှိခဲ့သည်။

ပြိုင်ပွဲတွင် အသက် ၂၂ နှစ်အောက် အမျိုးသား ၁၂ သင်း၊ အသက် ၁၄ နှစ်အောက် ခုနစ်သင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကာ ဆုရရှိသည့် အသင်းများအား မြို့နယ်အားကစားမှူး ဒေါ်ပပထွန်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့ပြီး ပထမဆုရရှိသော အသင်းများအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# နောင်မွန်းမြို့နယ်၌ မိုးရာသီဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**နောင်မွန်း အောက်တိုဘာ ၂၀**

ပူတာအိုခရိုင် နောင်မွန်းမြို့နယ်၌ ကိုယ်ကာယကျန်းမာကြံ့ခိုင်လာစေရေးနှင့် ပိုက်ကျော်ခြင်းအားကစားနည်းကို ပိုမိုစိတ်ဝင်စားလာပြီး စိတ်ဓာတ်စည်းကမ်းပြည့်ဝသော အားကစားသမားကောင်းများပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲကို အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲ၏ ဗိုလ်လုပွဲသို့ တက်ရောက်လာသော တက်လူအသင်းနှင့် ကိုကျော်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး တက်လူအသင်းက ပွဲငယ်နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အသင်း ခြောက်သင်းကို အုပ်စုနှစ်စုခွဲကာ အောက်တိုဘာ ၁၈ ရက်မှစတင်ယှဉ်ပြိုင်ကစားခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးယုံထန်ဖုန်ရမ်က အမှာစကားပြောကြားပြီး ပထမဆုရရှိသော တက်လူအသင်း၊ ဒုတိယဆုရရှိသော ကိုကျော်အသင်းနှင့် တတိယဆုရရှိသော လုံလောင်အသင်းတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

အခွင့်အရေး လေးကြိမ်ထက်မနည်းကို ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

**အရေးပါသည့်နိုင်ပွဲ**

ရီးရဲမက်ဒရစ်အသင်းက ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသော်လည်း အမ်ဘာပေနှင့် ဗင်နီစီးယပ်စ်တို့၏ သွင်းဂိုးများဖြင့် အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် ဦးဆောင်သူ ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၂၄ မှတ်ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။ ပြိုင်ဘက် ဆဲလ်တာဗီဂိုအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါတွင် ရှုံးပွဲ ငါးပွဲအထိရှိပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် အောက်တိုဘာ ၂၇ ရက်တွင် လာလီဂါပွဲစဉ် (၁၁) အဖြစ် အမှတ်ပေးဇယား ဦးဆောင်သူ ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပြိုင်ဘက်ဆဲလ်တာဗီဂိုအသင်းက လီဂါနက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# ခံစစ်ကစားသမား စတုန်း၏ နောက်ကျသွင်းဂိုးကြောင့် ဝုဖ်ကို မန်စီးတီးအနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၈) မှ ဝုဖ်နှင့် မန်စီးတီးအသင်းပွဲစဉ်ကို အောက်တိုဘာ ၂၀ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ခံစစ်ကစားသမား စတုန်း၏ နောက်ကျသွင်းဂိုးကြောင့် မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ခံစစ်ကစားသမား စတုန်းစ်က မန်စီးတီးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၇ မိနစ်တွင် တိုက်စစ်ကစားသမား လာဆင်က ဆီမီဒို၏ ဖန်တီးမှုကို အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ဝုဖ်အသင်း ဦးဆောင်ဂိုးရရှိခဲ့ သည်။

ထို့နောက် မန်စီးတီးအသင်းက ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၃၃ မိနစ်တွင် ရရှိပြီး ဂီဗာဒီယိုလ်က သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် မန်စီးတီးအသင်းက ထိုးဖောက်တိုက်စစ်ဆင်မှုများနှင့်အတူ အိမ်ရှင်ဝုဖ်အသင်းကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။

ဝုဖ်အသင်းသည် ပွဲချိန်တစ်လျှောက် ပြိုင်ဘက်မန်စီးတီးအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ခွင့်ပြုပေးခဲ့ရသော သွင်းဂိုးကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အဆိုပါ ရှုံးပွဲကြောင့် ဝုဖ်အသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၈) အပြီးတွင် နိုင်ပွဲရရှိထားခြင်း မရှိသေးဘဲ ရှုံးပွဲ ခုနစ်ပွဲအထိရှိပြီ ဖြစ်သည်။ မန်စီးတီးအသင်းက ယခုအနိုင်ပွဲကြောင့် နိုင်ပွဲခြောက်ပွဲအထိရှိလာကာ ရမှတ် ၂၀ ဖြင့် အမှတ်ပေးဇယား ဦးဆောင်သူ လီဗာပူးအသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။

ပရီမီယာလိဂ်ပွဲစဉ် (၈) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်ဖြစ်သည့် လီဗာပူးနှင့် ချယ်ဆီး အသင်းပွဲစဉ်ကို ည ၁၀ နာရီက အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



မန်စီးတီးခံစစ်ကစားသမား စတုန်း ဝုဖ်အသင်းဘက်သို့ ဒုတိယဂိုး သွင်းယူစဉ်။

**အောင်ဇော်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၀

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Soe Thein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အိုးလုပ်ရပ်ကွက်နေ စိုးသန်း(ခ)ထွေးထွေးအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထားဝယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

**ဆက်လက်ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၆၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့် ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ် စရိတ်များ၊ အခွန်အခများ ထည့်သွင်း တွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန် ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာ လျှင် ၆၂၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း များကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာမှ ပြည်သူ ခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက်သတ်ဖြတ်သည်ဟု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာမှ ပြည်သူ ခြောက်ဦးကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ရက်ရက်စက်စက် သတ်ဖြတ် သွားခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာ များက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ စိစစ် ချက်များအရ ဖြစ်စဉ်အမှန်မှာ စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာတွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ရောက်ရှိ ခိုအောင်းလျက်ရှိကြောင်း တည်ငြိမ်အေးချမ်း မှုကိုလိုလားသည့် တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် နယ်မြေခံလုံခြုံ ရေးတပ်ဖွဲ့ဝင်များဖြင့် ကျေးရွာအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ နေထိုင်လျက် ရှိသည်ဆိုသည့် နေအိမ်များအား သွားရောက် ရှင်းလင်းခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် စီပါကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားကြောင်း ထပ်မံသိရှိရသဖြင့်




လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခေတ္တတိမ်းရှောင် ဆုတ်ခွာ ထွက်ပြေးသွားသည့် PDF အမည်ခံ အကြမ်း ဖက်အဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ ဝင်များ စီပါကျေးရွာမှ ထွက်ခွာသွားပြီးနောက် အောက်တိုဘာ ၁၈ ရက်တွင် စီပါကျေးရွာသို့ ဝင်ရောက်လာခဲ့ပြီး ကျေးရွာအတွင်း နေထိုင် လျက်ရှိသောပြည်သူများအား စစ်ဆေးမေးမြန်း မှုများပြုလုပ်ကာ အရပ်သားပြည်သူ ခြောက်ဦး အား လုံခြုံရေးတပ်ဖွဲ့ဝင်များကို သတင်းပေး သည်ဟု စွပ်စွဲ၍ ရက်စက်စွာ သတ်ဖြတ်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများအား ၎င်းတို့ နေအိမ် ခြံစည်းရိုးများ၊ နေအိမ်အတွင်း မြေကွက်လပ်များတွင်ထားရှိကာ နောက်အခါ တွင် စစ်ကြောင်းများကို သတင်းပေးပို့သူ များအား ထိုကဲ့သို့အပြစ်ပေး၊ အရေးယူကာ သေဒဏ်အဖြစ် သတ်မှတ်ခြင်းခံရမည်ဟု ခြိမ်းခြောက်ပြောကြားကာ ကျေးရွာမှ ပြန်လည် ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမား များက ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာ ပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုကို တရားမဝင်ပြည်ဖျက် မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ပြည်သူလူထု အထင် အမြင်လွဲမှားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်း မှုပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့မဟုတ် မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်း သာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် ကောင်းဆုံးပ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၅ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-194(24-25) | Barytes (Local) (3,000) Tons | Ks |
| (၂) | DMP/L-195(24-25) | Metering and Control System Upgrading for Hmawbi Gas Receiving and Metering Station (GRMS) (1) Lot အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |
| (၃) | DMP/L-196(24-25) | Metering and Control System Upgrading for Biscuit and Instant Noodle (Hmawbi) Factory (1) Lot အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၁-၁၀-၂၀၂၄** ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၄-၁၁-၂၀၂၄ရက် (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက်၊ အရှေ့အာဇာနည်လမ်းနှင့် ခေမာလမ်းထောင့်ရှိ အမှတ် (၆) ဟု ခေါ်တွင်သော (၃) ခန်းတွဲ (၇)ထပ်တိုက်၏ အခန်းအမှတ် (3 - B) အကျယ်အဝန်း (၂၀ ပေ x ၄၀ ပေ) ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဝင်းဝင်းထူး ၁၂/ကတတ(နိုင်)၀၂၄၇၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝေ ၁၂/ဗဟန(နိုင်)၀၂၁၇၈၆ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်း ပိုင်ဆိုင် ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးသန့် (LL-B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၀/၁၃-၉-၂၀၁၂)**
**အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၀၆ ၁၀၅၃**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၆၃)ဟုခေါ်တွင်သော(၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၃-လွှာ(ဘီ)၊ (တိုက်ရှေ့ မျက်နှာမူလျှင်-ယာဘက်)၊ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မေမြတ်မွန် ၁၄/အမန(နိုင်)၁၄၄၂၀၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အဲလ်စဗက်အင်ဂျာလင်း ၁၂/တမန(နိုင်) ၀၆၅၄၆၈ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁) အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗိုလ်ရွှေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၇၁)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၈၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လွေးခိုင်ခိုင်ဦး ၁၃/နခန(နိုင်)၀၆၄၇၀၅ က အမှုတွဲအမှတ် (၄၅၇၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ဇင်လင်းထက် ၈/အလန(နိုင်)၂၅၀၇၀၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် MH/649984 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၀၉၀၀၄၀၇**

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

ကျွန်မ မခင်ဌေး ၈/အလန(နိုင်)၂၁၃၃၈၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်- ME-590815 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၆၀၈၇၃၇၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ ဦးပိုင်အမှတ်(၃၉-ခ)၊ ၆၇(င)လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိုသန်း၏ (SPရရှိသူ ဦးသန့်ကျော်ဖြိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၃၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမွန် ၅/မရန(နိုင်)၂၀၈၇၈၂ က အမှုတွဲအမှတ် (၄၅၈၈/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မြို့ဦးရပ်ကွက်နေ (ဦးကံကောင်း)- ဒေါ်ကြည်ကြည်တင် ၉/ပမန(နိုင်)၀၈၇၀၈၉ တို့၏သမီး မမေမြတ်မွန်(ခ)မေမွန် ၉/ပမန(နိုင်)၂၉၄၈၈၇ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အပြီးအပိုင်အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**မိခင်-ဒေါ်ကြည်ကြည်တင်**
**မြို့ဦးရပ်ကွက်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၀၂၈၉)ကို အမည်ပေါက် ဦးဝင်းထွေး(ဘ)ဦးသန်းရွှေ ၃/ဖပန(နိုင်)၀၀၁၂၁၃ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ဌေးဌေးဝင်း (ဘ)ဦးအောင်မြတ် ၉/မခန(နိုင်) ၀၁၅၁၀၄ မှ ဒေါ်နိုင်နိုင်ဝင်း(ဘ)ဦးတင်ဝင်း ၁၂/အစန(နိုင်)၀၁၀၄၅၃ နှင့် မှတ်ပုံတင် အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၉၉/၂၀၂၂(၂၅-၂-၂၀၂၂) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(မ-၃)၊ ဦးပိုင်အမှတ်(၃-က)၊ ၆၃လမ်းနှင့်သိပ္ပံလမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအိုက်ထွေး ၁၃/တကန(နိုင်)၀၆၈၃၈၆ ၏ (GPရရှိသူ ဒေါ်ဝေဝေထွေး)၊ ဒေါ်ကျောက်ချီဖုန်း ၁၃/တကန(နိုင်)၀၆၈၃၈၈ တို့က အမှုတွဲအမှတ် (၄၆၀၂/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(မ-၃)၊ ဦးပိုင်အမှတ်(၃-ခ)၊ ၆၂ x ၆၃လမ်းကြား၊ သိပ္ပံလမ်းရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးအိုက်ထွေး ၁၃/တကန(နိုင်)၀၆၈၃၈၆ ၏(GPရရှိသူ ဒေါ်ဝေဝေထွေး)၊ ဒေါ်ကျောက်ချီဖုန်း ၁၃/တကန(နိုင်)၀၆၈၃၈၈ တို့က အမှုတွဲအမှတ် (၄၆၀၃/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(မ-၃)၊ ဦးပိုင်အမှတ်(၃-ဃ)၊ ၆၂လမ်းနှင့်သိပ္ပံလမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူဦးအိုက်ထွေး ၁၃/တကန(နိုင်)၀၆၈၃၈၆ ၏(GPရရှိသူ ဒေါ်ဝေဝေထွေး)၊ ဒေါ်ကျောက်ချီဖုန်း ၁၃/တကန(နိုင်)၀၆၈၃၈၈ တို့က အမှုတွဲအမှတ် (၄၆၀၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၆၁)၊ ၄၉ x ၅၀ကြား၊ ၁၁၇(B)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်တင်တင်ရီထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၈၉/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းကျော်မြင့် ၁/ဟပန(နိုင်) ၀၁၆၁၉၀ ၏(GPရရှိသူ ဦးလွင်မိုးမြင့်) က အမှုတွဲအမှတ် (၄၅၉၉/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/30122, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မောင်ထွေး ၁၄/ကပန(နိုင်)၁၄၀၀၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/05860, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဝင်း ၁၄/ရကန(နိုင်)၁၈၁၇၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ ၃၂လမ်း၊ ၇၇ x ၇၈ လမ်းကြားနေ ဒေါ်သဥ္စာလင်းလဲ့ (ဘ)ဦးကျန်ရောဆန် ၉/မဟမ(နိုင်) ၀၅၅၅၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

Younique
• Handmade Press On Nails •

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဥ္စာလင်းလဲ့သည် ပူးတွဲဖော်ပြပါ **"Younique – Handmade Press On Nails " အလှကုန်ပစ္စည်းအရောင်းဆိုင်** အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် **မှတ်ပုံတင်စာချုပ်အမှတ် -(၃၀၆၀/၂၀၂၄)**အရ တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီး အသင့်ကပ် လက်သည်းအမျိုးမျိုး၊ ဆိုဒ်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးနှင့် ရယ်ဒီမိတ်လက်သည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ချီရောင်းချလျက်ရှိရာ လူအများစိတ်ချယုံကြည်စွာ အထူးနှစ်သက် အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **"Younique – Handmade Press On Nails" အလှကုန်ပစ္စည်းအရောင်းဆိုင်** အမှတ်တံဆိပ်သည် ဒေါ်သဥ္စာလင်းလဲ့ အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရှေ့/နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တုပခြင်းမပြုလုပ်ရန် သတိပေး ကြေညာလိုက်ပါသည်။ အကယ်၍ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သန်းအောင် (LLB)**
**(စဉ်-၅၂၃၅)**
**အထက်တန်းရှေ့နေ**
**လမ်း၂၀၊ ၈၂နှင့်၈၃ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၉၈၈၅၅၉၂၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ (၄)လမ်း၊ အခန်း(၄)၊ တိုက်(၅၀)မြေညီ၊ ခေါင်းခန်းရှိ အကျိုးခံစားခွင့်ရှိသူ ဒေါ်ယဉ်ယဉ်မြင့် ၁၄/မမန(နိုင်)၀၀၆၅၃၆ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါမိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၃)**
**အမှတ်၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၃၀၀၅၈၈၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက် အမှတ်(၁၄၂)၊ ဦးပိုင်အမှတ်(၄၅)၊ ၁၇ x ၁၈လမ်းကြား၊ ၈၂ x ၈၃လမ်းကြားရှိ မန္တလေးအနောက်မြောက်မြို့နယ်ပြည်သူ့ကောင်စီ(မြို့နယ်မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့)၏ ၂၇-၈-၁၉၈၁ ရက်စွဲပါအစည်းအဝေးမှတ်တမ်းအမှတ်စဉ်(၅/၈၁)ဖြင့် မူလပိုင်ဆိုင်သူ ဦးထွန်းလှ၊ ဒေါ်ပွေ့ တို့အား ချထားပေးသောမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးထွန်းလှ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၁၉၅/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သည့်ဇနီးဖြစ်သူ ဒေါ်ပွေး(ခ)ဒေါ်ပွေ့ ၉/မနမ (နိုင်)၀၄၄၀၄၅ ၏ (GP ရရှိသူ ဒေါ်တွယ်တာချမ်းမြေ့အောင်)က မီးလောင်မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များနှင့်အတူ အမှုတွဲအမှတ် (၄၅၇၇/၂၀၂၄-၂၀၂၅)ဖြင့် ဂရန်သစ်၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၉၄-န/၇)၊ ၅၈လမ်း၊ ၂၂ x ၂၂.A လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးချစ်၏ (SP ရရှိသူ ဒေါ်လီချောက်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၉၅/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဦးဇော်လင်းထက် ၁၃/နခန(ဧည့်)၀၀၀၁၉၀ က အမှုတွဲအမှတ် (၄၅၉၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၁)၊ ဦးပိုင်အမှတ်(၈၉)၊ ၃၂ x ၃၃ကြား၊ ၇၂ x ၇၃ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ကွေလန် ၁၃/လရန(နိုင်)၀၆၈၀၄၇ က အမှုတွဲအမှတ် (၄၅၇၈/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်လပြည့်အမှုအတန်းပေးဝေခြင်း
## ဒေါ်ဝင်းမင်းသူ(Shirley Ba Thu)
### ဒု-ကျောင်းအုပ်ကြီး(ငြိမ်း)
### ဟိုတယ်/ခရီးသင်တန်းဌာန၊ Kandawgyi Palace Hotel
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ(ဦးဘသူ-ညွှန်ချုပ်၊ ဗဟိုစာရင်းရုံး-ဒေါ်ခင်ညွန့်)တို့၏သမီးကြီးသည် Grand Hantha International Hospital (ICU)တွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့သည်မှာ ယနေ့တွင် တစ်လတိတိပြည့်ခဲ့ပါပြီ။ ကွယ်လွန်သူကို ရည်စူး၍ သံဃာတော်များအား ဆွမ်း၊ ဝတ္ထုကပ်လှူခြင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ကျပ်(၁၅)သိန်းစီ အသီးသီးလှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အမျှ- အမျှ- အမျှ

**ကျန်ရစ်သူ ညီမ၊ သမီး၊ မြေး**

## ဦးရဲတင့်
### ဒုတိယပါမောက္ခချုပ်(ငြိမ်း)
### သစ်တောတက္ကသိုလ်
### စစ်တက္ကသိုလ် အပါတ်စဉ်(၁၅)
### အသက်(၇၄)နှစ်

ဟသ်ာတမြို့နေ(ဦးခင်မြင့်-ဒေါ်နှင်းရီ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးစိုးမြင့်-ဒေါ်အကစ်စတာသင်)တို့၏သားမက်၊ ဒေါ်ငွေးရီမြင့် ၏ ခင်ပွန်း၊ ဦးသူရဝင်းထွန်း-ဒေါ်အိသိဂီတင့်၊ ဦးထက်နောင်တင့်-ဒေါ်မူမူအောင်၊ ဦးသွင်ထူးအောင်-ဒေါ်ဟန်နီရွှေစင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၉-၁၀-၂၀၂၄ ရက်(စနေနေ့) ညနေ (၆:၄၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၄ ရက် ညနေ (၃:၃၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ (၂)နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ခဲ့သောအိမ်ရာရှိ တိုက်ခန်းများ၊ ဌာနမှယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းများအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူထားသူမှလည်းကောင်း၊ အမည်ပေါက်မိခင် ကွယ်လွန်၍ သားဖြစ်သူမှ လည်းကောင်း၊ အမည်ပေါက်ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူထံမှ ဝယ်ယူထားသူမှ လည်းကောင်း၊ အမည်ပေါက်ဇနီးကွယ်လွန်၍ ခင်ပွန်းဖြစ်သူမှလည်းကောင်း၊ အမည်ပေါက်ထံမှ ဝယ်ယူထားသူများမှ ၎င်းတို့၏ အမည်ဖြင့် အဆောက်အအုံ နေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဦးမြသန်း ၁၂/ဗတထ(နိုင်)၀၁၄၃၃၈ (မှ) | ဒေါ်ခင်မိမိ ၁၂/မဂတ(နိုင်)၀၂၃၀၁၂ | တိုက် (B-1)၊ အခန်း (၁၀၄)၊ ဟံသာဝတီအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |
| ၂။ | ဦးအငယ်လေး ၁၂/လမန(နိုင်)၁၀၈၀၆၂ ဒေါ်နှင်းနှင်းစိုး ၁၂/ကမရ(နိုင်)၀၅၄၀၈၈ ဦးထွန်းလင်းအောင် ၁၂/လသယ(နိုင်)၀၄၄၅၆၀ (မှ) | ဦးသက်ထွန်း ၆/ထဝန(နိုင်)၀၇၆၆၀၉ ဒေါ်ရီရီသိန်း ၆/ထဝန(နိုင်)၀၇၃၇၁၈ | တိုက် (၁၉)၊ အခန်း (၁၈)၊ ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်မြို့နယ်။ |
| ၃။ | ဒေါ်မြင့်မြင့်ဝေ ၁၂/ကတတ(နိုင်)၀၀၈၄၂၆(ကွယ်လွန်) (မှ) | ဦးကျော်သူအောင် ၁၄/အမန(နိုင်)၁၁၇၁၇၈ | တိုက် (၄)၊ အခန်း (၅)၊ ပြည်ရိပ်မွန်အိမ်ရာ ကမာရွတ်မြို့နယ်။ |
| ၄။ | ဒေါ်သိန်းသိန်းဖံ ၁၁/စတန(နိုင်)၀၀၅၆၉၄ ဒေါ်နုနုကျော် ၁၁/စတန(နိုင်)၀၀၁၉၈၈ (မှ) | ဦးနေထွန်းလင်း ၉/မရမ(နိုင်)၀၈၅၉၇၄ ဒေါ်ထက်ထက်လှိုင် ၁၂/ဒဂမ(နိုင်)၀၁၀၅၀၈ | တိုက် (E)၊ အခန်း (904)၊ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၅။ | ဒေါ်မြသီတာ (ကွယ်လွန်) ၁၂/ဗဟန(နိုင်)၀၅၀၇၃၃ (မှ) | ဦးလှမိုး ၁၂/ဗဟန(နိုင်)၀၃၈၇၀၅ | တိုက် (H) ၊ အခန်း (၁၁၀၁)၊ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၆။ | ဦးဇော်ဝင်း ၁၂/ကတတ(နိုင်)၀၁၇၇၆၅(ကစ) ဒေါ်ခင်ခင်ငွေ ၁၂/ကတတ(နိုင်)၀၁၇၇၆၆(မှ) | ဦးအင်ခန့်ဂို ၅/ကလထ(နိုင်)၀၁၉၅၀၂ | Tower (B)၊ အခန်း (706)၊ River View Point Condo ၊ အလုံမြို့နယ်။ |
| ၇။ | ဒေါ်ခင်သီတာကျော် ၁၂/အစန(နိုင်)၀၄၃၁၁၄ (မှ) | ဒေါ်ချောပို(ခ)ချောအိအိသန်း ၉/မမန(နိုင်)၀၄၂၈၃၉ | တိုက် (A)၊ အခန်း (၀၁-၀၃)၊ မင်းဓမ္မ အဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |
| ၈။ | ကန်ထရိုက်တာ ဦးတင်အောင် (LC-85) ၁၂/မဂတ(နိုင်)၀၄၈၆၃၃ (မှ) ဦးတင်ရွှေ ၁၂/မဂတ(နိုင်)၀၉၆၈၀၂ (မှ) | ဦးရာဂျန်(ခ)ရဲသူ ၁၂/ပဘတ(နိုင်)၀၃၈၃၃၂ | တိုက် (၄၂၈)၊ အခန်း (၅လွှာ/ယာ)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/3869 Nissan Moco MG 223 H/B(4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/မဂဒ(နိုင်)၀၉၀၉၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည-၈၊ ဦးပိုင်အမှတ်(၄၈)/၆၁ x ၆၂ ကြား၊ မင်းရဲကျော်စွာလမ်း x ဗထူး လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်သန်း၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်အေးအေးတို့၏ (SP ရရှိသူ ဦးကျော်မင်းထွေး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၃၅၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းဇော် ၅/ဘတလ(နိုင်)၀၆၃၀၅၁၊ ဒေါ်ဇာဇာခိုင် ၉/မဟမ(နိုင်)၀၀၁၇၇၄ တို့က အမှုတွဲအမှတ်(၄၅၉၆/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ရီရီနွဲ့
### (ဖွားအောက်)
### အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ ခြံအမှတ်-၂၇(က)နေ ဦးမျိုးထွဋ်၏ဇနီး၊ ဦးမျိုးကျော်အောင်-ဒေါ်တင့်တင့်ဝင့်ဖြူ၊ ဒေါ်ဝေဇင်မျိုး-ဦးတင်မျိုးပိုင်တို့၏ မွေးသမိခင်၊ ဦးမြင့်ဆွေ-ဒေါ်ရီရီခင်၊ (ဦးတင်မောင်) - ဒေါ်သိန်းသိန်းဝေ၊ ဦးစောမြင့်-ဒေါ်နုနုရီ တို့၏ညီမ၊ ဒေါ်လှလှငွေ၊ ဦးရန်မျိုးကျော်-ဒေါ်ရီရီငွေ(အင်္ဂလန်)၊ ဦးကျော်မြင့်-ဒေါ်သဲမြစန္ဒာ၊ ဦးငွေဝင်း-ဒေါ်နော်စေးမူ တို့၏အမ၊ မောင်ပိုင်ဒီရ၊ မယွန်းနဒီအောင်တို့၏ဘွားဘွားကြီးသည် (၂၀-၁၀-၂၀၂၄) ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌သဂြိုလ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုး မိတ်ဆွေသင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၅၉၊ ဦးပိုင်အမှတ်(၄၈-ခ)/၅၂x၅၃ လမ်းကြား၊ မင်းကြီးရန်နောင်x မင်းရဲကျော်စွာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးထွန်းလင်း၏ (SP ရရှိသူ ဦးခန့်ကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၃၈၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုစုဝေ ၁၃/လရန(နိုင်)၁၇၉၃၁၂ က အမှုတွဲအမှတ်(၄၅၈၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း၊ ခွဲကျန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၅၊ ဦးပိုင်အမှတ်(၁၇-ခ)/၆၆X၆၇ ကြား၊ သခင်ဖိုးလှကြီးနှင့် ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းဆီ (ခ) ဟိုရှီဆိုင်၏ (SP ရရှိသူ ဦးတင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၉၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးနိုင်အေး ၁/ဗမန(နိုင်)၀၄၉၁၇၉ က အမှုတွဲအမှတ်(၄၅၈၆/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၅၊ ဦးပိုင်အမှတ်(၁၆-ခ)/၆၆X၆၇ ကြား၊ သခင်ဖိုးလှကြီးနှင့် ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းဆီ (ခ) ဟိုရှီဆိုင်၏ (SPရရှိသူ ဦးတင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၉၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးနိုင်အေး ၁/ဗမန(နိုင်)၀၄၉၁၇၉ က အမှုတွဲအမှတ်(၄၅၈၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၆)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၈x၆၉ကြား၊ ၁၁၂x၁၁၃ကြားလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သန်း၏ (SPရရှိသူ ဒေါ်မီမီလွင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၉၇၃/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းနိုင်မျိုး ၉/မနမ(နိုင်)၀၅၅၆၁၆ က အမှုတွဲအမှတ် (၄၅၉၀/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ် (၁၇)၊ ၃၈(အေ)လမ်း၊ ၆၈x၆၉လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးဝင်း ၉/မရမ(နိုင်)၀၄၆၇၁၄၊ ဒေါ်မာမာဝင်း ၉/မရမ(နိုင်)၀၄၆၇၁၃၊ ဦးဇော်ဇော်ဝင်း ၉/မရမ(နိုင်)၀၀၁၂၄၄၊ ဒေါ်ငွေငွေဝင်း ၉/မရမ(နိုင်)၀၀၁၂၄၅၊ ဦးကိုကိုဝင်း ၉/မရမ(နိုင်)၀၈၂၁၅၆ တို့၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၇၃/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးခိုင် ၉/မရတ(နိုင်)၀၁၀၈၂၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ်(၉၇)၊ ၇၄လမ်း၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းဖေ ၉/မရတ(နိုင်)၀၂၀၉၄၈ ကအမှုတွဲအမှတ်(၄၅၈၄/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၂)၊ ဦးပိုင်အမှတ် (၅)၊ ၅၃x၅၄ကြား၊ ၁၀၈လမ်းရှိတောဂရန်မြေကွက်အမည်ပေါက်သူ တသကျော်လင်း ၉/မနမ(နိုင်)၀၉၈၁၅၁(၎င်း၏ GPရရှိသူ ဦးအောင်မိုးမောင်မောင်)၏ ဂရန်ပျောက်၊ သက်တမ်းတိုး၊ တောမှ မြို့ပြောင်းလျှောက်ထားလာမှုအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ပျောက်ဆုံးသွားသော တသကျော်လင်းအမည်ပေါက်တောဂရန်အမှုတွဲအမှတ် ၃၃၆၃/၉၂-၉၃ အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၈)၊ ဦးပိုင်အမှတ် (၈)၊ ၁၀၉လမ်း၊ ၅၀x၅၁ကြားရှိဂရန်မြေကွက်အမည်ပေါက်သူ တပ်သားစိုးဝင်း ၉/မနမ(နိုင်)၀၈၄၆၁၂ (WMDY-၃၃၉၈၅၉) ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၇၃၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လိကျန်ဖေ(ခ)ထက်ထက်ခိုင် ၁၃/တမည(နိုင်)၀၁၀၈၀၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ် ၁၇၈(က)၊ ၇၀x၇၂ကြား၊ ၁၀၇x၁၀၈ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လင်းတူး ၉/မခန(နိုင်)၀၄၇၈၈၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၈၈/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇင် ၉/ခအဇ(နိုင်)၀၃၂၃၀၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက် အမှတ်(သ-၉)၊ ဦးပိုင်အမှတ် (၅၅)၊ ၆၄x၆၅ကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ ဦးတင်မြင့်အမည်ပေါက် တောဂရန်မြေကွက်အားတရားလို ဒေါ်အေးလန့်က တရားပြိုင် ဦးတင်မြင့်အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အေးလန့် ၁၃/လရန(နိုင်)၀၉၁၆၀၉ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၄)၊ ဦးပိုင်အမှတ် (၂၅+၂၆)၊ ၄၀Aလမ်းနှင့် ၅၃လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးလမင်းထွန်း ၅/ကလထ(နိုင်)၁၂၄၉၈၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၂၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မျိုးအောင် ၁/မညန(နိုင်)၀၇၆၂၁၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် ၃/ပဒေသာ၊ ဦးပိုင်အမှတ်(၂၅၇)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဒေါ်ဝေဝေ ၉/ခအဇ (နိုင်)၀၀၃၄၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

❖ နိုင်ငံစီးပွား တိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


# ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ် ပိုမိုအားကောင်းလာနိုင်

## အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော စာမျက်နှာ ၁၆ ကော်လံ ၁ ❍

ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ




# ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ မြန်မာ ယူ-၁၇ အသင်း အောက်တိုဘာ ၂၃ ရက်တွင် ယီမင်အသင်းနှင့် ယှဉ်ပြိုင်ရမည်

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၇ အသင်းသည် အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားပြီး အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။

ခြေစစ်ပွဲ အုပ်စု (I) ပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ယီမင်၊ ဗီယက်နမ်၊ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၃ ရက်တွင် ယီမင်အသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် ဗီယက်နမ်အသင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ကာဂျစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ စာမျက်နှာ ၁၄ ကော်လံ ၅ ❄

## ယနေ့ သတင်းအညွှန်း

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၌ အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက် ပါလက်စတိုင်း ၇၃ ဦး ထက်မနည်း သေဆုံး



နိုင်ငံတကာသတင်း စာ ၁၃

ရွှေ့ပြောင်းနေထိုင်သူတွေအရေး ပိုမိုသဘောထားတင်းမာလာတဲ့ ဥရောပသမဂ္ဂ နိုင်ငံတကာရေးရာ စာ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ ပြည်တွင်းသတင်း စာ ၂၈

# ရီးရဲမက်ဒရစ်အသင်းက ဆဲလ်တာဗီဂိုကို အနိုင်ယူပြီး ရှုံးပွဲမရှိမှတ်တမ်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့



စပိန်လာလီဂါပွဲစဉ် (၁၀) မှ ဆဲလ်တာဗီဂိုနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း ပွဲစဉ်ကို အောက်တိုဘာ ၂၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ရှုံးပွဲမရှိ မှတ်တမ်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ပွဲချိန်တစ်လျှောက်တွင် ရီးရဲမက်ဒရစ်အသင်းထက် ဆဲလ်တာဗီဂိုအသင်းက သာလွန်သည့် စွမ်းဆောင်ရည်ကို ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့် စာမျက်နှာ ၂၇ ကော်လံ ၅ ❖